# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# တတိယနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

## (၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၄.၁၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၇-၆-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်သူဦးရေ ၄၀၁ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၂၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၂၅ ဦးအနက် ၁၉ ဦးကတော့

ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၆ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၂ ရက်၊

(၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်ကျော ခွင့် ၂ ရက်၊

(၃) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၂ ရက်၊

(၄) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၁ ရက်၊

(၅) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်နှင့်

(၆) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၂ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၆ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ဒီအစီအစဉ်မတိုင်မီ လွှတ်တော်သို့ အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပါတီစုံနှင့် စျေးကွက်စီးပွားရေးစနစ် ဖော်ဆောင်တဲ့နေရာ

မှာ အထူးခြားဆုံးပြုပြင်ပြောင်းလဲမှုက လွှတ်တော်များပေါ်ပေါက်လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။ လွှတ်တော်များကို နိုင်ငံတကာက နိုင်ငံရဲ့ အသက်ဝိညာဉ်၊ နိုင်ငံရဲ့ အသက်သွေးကြော၊ ဒီမိုကရေစီဖော်ဆောင်တဲ့ နေရာမှာ ခုနကဲ့သို့ သုံးနှုန်းခေါ်ကြပါတယ်။ ကျွန်တော်တို့ သက်တမ်းနုတဲ့လွှတ်တော်ကို သက်တမ်းရင့်ကြတဲ့လွှတ်တော်များက ဖိတ်ကြားပြီး သူတို့ရဲ့ ငွေကြေးအသုံးပြုကာ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအနည်းဆုံးအသုံးပြုပြီးတော့ သွားရောက်လေ့လာလည်ပတ်ခွင့်ရခဲ့ပါတယ်။ ဒီနေရာမှာ နယူးဇီလန်နိုင်ငံ လွှတ်တော်ကို လေ့လာခွင့်ရတဲ့အချိန်မှာ အဲ့ဒီနေ့ ကြုံတောင့်ကြုံခဲပါပဲ။ ဘရူနိုင်းနိုင်ငံ ဘုရင်မင်းမြတ်လည်း လွှတ်တော်ကို လေ့လာတဲ့အချိန် ကျွန်တော်တို့အဖွဲ့လည်း တစ်ချိန်တည်းပဲ ရောက်ရှိခဲ့ပါတယ်။ လွှတ်တော်အတွင်းမှာ မေးခွန်းများမေးတဲ့နေ့တိုက်ဆိုင်ပါတယ်။ တိုက်ဆိုင်တဲ့ အခါမှာ မေးခွန်းမေးတယ်၊ ထပ်ဆင့်မေးခွန်းကို ပြန်ဖြေတယ်၊ မေးခွန်းတွေထုတ်တယ်။ ထုတ်တဲ့အခါမှာ တစ်ယောက်နဲ့ တစ်ယောက် ပြောဆိုဆွေးနွေးငြင်းခုံမှုများ တော်တော်ပြင်းထန်ပါတယ်။ နောက်ဆုံး လွှတ်တော် ဥက္ကဋ္ဌက သတိပေးတဲ့ကြားထဲက မလိုက်နာတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ် နှစ်ယောက် လွှတ်တော်ခန်းမအပြင်ကို ထုတ်လိုက်ပါတယ်။ လွှတ်တော်အပြီး အပြင်ရောက်တဲ့အခါမှာ သူတို့ရဲ့ ဆက်ဆံမှုကို ကြည့်ပါတယ်။ ကြည့်တဲ့အခါမှာ သူတို့တစ်တွေဟာ အချင်းချင်းလည်ပင်းဖက် စကားပြောနိုင်တဲ့ အနေအထားများတွေ့ရှိရပါတယ်။ သူတို့မေးကြည့်တဲ့အခါမှာ လွှတ်တော်ထဲမှာ ကိုယ့်အလုပ်ကိုယ်လုပ် ကြတဲ့အခါမှာ ကိုယ့်အမြင်သူ့အမြင်တွေ ဆွေးနွေးတယ်။ ဒီလိုဆွေးနွေးတဲ့ အခါလည်း အများအတွက်၊ တိုင်းပြည်အတွက်ပဲ ဖြစ်တယ်။ ကိုယ့်ရဲ့အမြင်၊ ကိုယ့်ရဲ့ယုံကြည်မှု ဆွေးနွေးတာဖြစ်တဲ့အတွက် တစ်ယောက်နှင့် တစ်ယောက် ရန်သူလည်းမဟုတ်ဘူး။ ဒီလိုပဲ ပြောဆိုပါတယ်။ အဲ့ဒီအတိုင်းပဲ အခြား လွှတ်တော်တွေမှာလည်း ဒီလိုပဲ တွေ့ရှိရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာတော့ ဒီလိုအတွေ့အကြုံတွေ မရှိသေးတဲ့အတွက် ကျွန်တော်တို့ လွှတ်တော်အတွင်းမှာ ခံယူဆောင်ရွက်ထားတာက ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်တဲ့ အယူဝါဒအစွဲမထားဘဲနဲ့ နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားအတွက် ဖြစ်ထွန်းမယ်ဆိုရင် အားလုံး ပူးပေါင်းဆောင်ရွက်ကြမယ် ဆိုတဲ့ ကျွန်တော်တို့ရဲ့ သဘောတူညီမှုကို လွှတ်တော်ထဲမှာ ဆောင်ရွက်လျက်ရှိကြပါတယ်။ ထို့နည်းတူစွာပဲ အုပ်ချုပ်ရေးအဖွဲ့၊ အစိုးရအဖွဲ့ဟာလည်း နိုင်ငံနှင့်နိုင်ငံသားများ အကျိုးစီးပွား အတွက်ဖော်ဆောင်ဖို့ အုပ်ချုပ်ရေးတာဝန်ပေးထားခြင်း ဖြစ်ပါတယ်။ အဲ့ဒီနည်းတူပဲ လွှတ်တော်တွေဟာလည်း နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားကို ဖြစ်ထွန်းစေသောဥပဒေများ ပြဋ္ဌာန်းဖို့ ကျွန်တော်တို့ လွှတ်တော်တွေမှာ တာဝန်ရှိပါတယ်။ ဒီလိုပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေကို အုပ်ချုပ်ရေးအဖွဲ့၊ အစိုးရအဖွဲ့

ကသော်လည်းကောင်း၊ ပြည်သူများကသော်လည်းကောင်း၊ အဖွဲ့အစည်းများကသော်လည်းကောင်း၊ လွှတ်တော်များကသော်လည်းကောင်း ပြဋ္ဌာန်းထားတဲ့ ဥပဒေများအားလုံး လိုက်နာကြရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ စေတနာချင်းတူပါတယ်။ ရည်ရွယ်ချက်ချင်းတူပါတယ်။ ပြည်သူ့အကျိုး၊ အများအကျိုးအတွက် ဖြစ်ပါတယ်။ ပြည်သူ့အကျိုး၊ အများအကျိုးအတွက် ဆောင်ရွက်တဲ့နေရာမှာ ကဏ္ဍခွဲဆောင်ရွက်နေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဥပဒေပြုရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့ အာဏာသုံးရပ်ကို တတ်နိုင်သမျှပိုင်းခြားပြီး ဆောင်ရွက်ဖို့နဲ့ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းဖို့ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ အတိအလင်းပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေပြုရေးတာဝန်ရှိကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်များက ဥပဒေပြုတယ်။ အုပ်ချုပ်ရေးတာဝန်ရှိတဲ့ အဖွဲ့အစည်းနဲ့ ပုဂ္ဂိုလ်များက ပြဋ္ဌာန်းထားတဲ့ ဥပဒေများအတိုင်း ဆောင်ရွက်ကြရတယ်။ အကောင်အထည်ဖော်ကြရတယ်။ အဲ့ဒီအတိုင်းပဲ ပြည်သူလူထုဟာလည်း ဒီအတိုင်းပဲလိုက်နာဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ကိုယ့်တာ၊ သူ့တာခွဲဆောင်ရွက်တဲ့အခါမှာ ပူးပေါင်းဆောင်ရွက်မှုရှိနိုင်ရင် အကောင်းဆုံးပါပဲ။ သို့ရာတွင် အမြင်ချင်းမတူတဲ့အခါမှာ ဒီအမြင်ပေါ်မူတည်ပြီးတော့ ဆွေးနွေးမယ့်နေရာကတော့ လွှတ်တော်ပဲ ဖြစ်ပါတယ်။ လွှတ်တော်က ပွင့်လင်းမြင်သာပါတယ်။ တစ်ဖက်နဲ့တစ်ဖက် မိမိတို့ရဲ့ အမြင်တွေ၊ ယုံကြည်ချက်တွေ၊ လိုလားချက်တွေ လွှတ်တော်ထဲမှာ ပွင့်ပွင့်လင်းလင်း ပြောကြားနိုင်တာ ဖြစ်ပါတယ်။ အဲ့ဒီလို ပွင့်လင်းမှုတွေ၊ တာဝန်ယူမှုတွေ၊ တာဝန်ခံမှုတွေဟာ လွှတ်တော်အတွင်းမှာ အင်မတန်မှ ထိထိရောက်ရောက်လုပ်ကိုင်လို့ အကောင်းဆုံးဖြစ်ပါတယ်။ ဒီလိုတစ်ဖက်နှင့်တစ်ဖက် ပြောဆိုဆောင်ရွက်နေခြင်းဟာ နိုင်ငံနှင့်နိုင်ငံသားများအတွက် ဖြစ်တယ်ဆိုတာကို ခံယူမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်တွေ၊ စေတနာတွေအောင်မြင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်အတွင်းမှာ မေးခွန်းများ မေးမြန်းခြင်းအပေါ် သက်ဆိုင်ရာတာဝန်ရှိတဲ့ အဖွဲ့အစည်းများက ပြန်လည်ဖြေကြားခြင်းဟာလည်း ပွင့်လင်းမြင်သာအောင် တာဝန်ယူတာဝန်ခံမှုမှာပေါ်လွင်အောင် ဆောင်ရွက်ပြီး အဲ့ဒီဖြေကြားလိုက်တဲ့ဟာတွေဟာ ကတိကဝတ်ဖြစ်သွားတယ်ဆိုရင် ဒီကတိကဝတ်များကို လိုက်နာဆောင်ရွက်ပေးဖို့ မှတ်တမ်းတင် ကြီးကြပ်တဲ့အဖွဲ့အစည်းရှိပါတယ်။ ဒီကတိကဝတ်အတိုင်း ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ အဲ့ဒီနည်းတူပဲ အဆိုတစ်ခုတင်သွင်းတယ်ဆိုလို့ရှိရင် ဒီအဆိုအပေါ်မှာ မူတည်ပြီးတော့ ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချတာတွေရှိပါတယ်။ အဲ့ဒီအတိုင်းပဲ ပြည်သူများရဲ့ဆန္ဒ၊

ပြည်သူများရဲ့ သဘောထား၊ ပြည်သူများရဲ့အသံကို မူတည်ပြီးတော့ ဥပဒေအဖြစ်အထိ ပြဋ္ဌာန်းနိုင်ခွင့်ရှိပါတယ်။ ဒီလိုဥပဒေပြဋ္ဌာန်းတဲ့နေရာမှာ ပြည်သူ့ကိုယ်စားလှယ်များအနေနဲ့ ဆွေးနွေးနိုင်တယ်။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက ဆွေးနွေးနိုင်သလို ပညာရှင်များ၊ ပြည်သူများကလည်း ပါဝင်ဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။ ရလဒ်ပေါ်မူတည်ပြီးတော့ ဥပဒေများဖြစ်လာစရာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေပြုတယ်ဆိုတာ အဓိက လွှတ်တော်များမှာ တာဝန်ရှိတယ်ဆိုသော်လည်း အားလုံးပါဝင်ဆွေးနွေးဆုံးဖြတ်ရတဲ့ကိစ္စ တစ်ခုဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းလိုက်တဲ့ဥပဒေများသည် ပြည်သူများက မိမိတို့ကို ဒီဥပဒေနှင့်အညီ အုပ်ချုပ်ပါ၊ စီမံခန့်ခွဲပါဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တဲ့အတွက် ပြဋ္ဌာန်းထားတဲ့ဥပဒေများအားလုံး လိုက်နာကြရမှာ ဖြစ်ပါတယ်။ ကျွန်တော် ဒီလိုတင်ပြခြင်းဟာ ဒီနေ့လွှတ်တော်ထဲမှာ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုဝန်ကြီးများပါပါတယ်။ ပြီးတဲ့အခါမှာ အခြားအခြား ကျွန်တော်တို့ လွှတ်တော်နှင့်အစိုးရကြား အမြင်ချင်းမတူဘူး။ သဘောထားကွဲလွဲနေတယ်။ ပဋိပက္ခဖြစ်နေတယ်ဆိုပြီးတော့ ဘေးမှာ ကောလာဟလပြောဆိုမှုတွေရှိပါတယ်။ တကယ်တမ်းကျတဲ့ အခါကျတော့ လွှတ်တော်သည် လွှတ်တော်ရဲ့လုပ်ငန်းကို လုပ်ပါတယ်။ အုပ်ချုပ်ရေးအဖွဲ့သည် အစိုးရအဖွဲ့ရဲ့ လုပ်ငန်းတာဝန်များကို လုပ်ပါတယ်။ အဲ့ဒီလိုလုပ်တဲ့နေရာမှာ အချင်းချင်း အပြန်အလှန်ထိန်းညှိဆောင်ရွက်နေခြင်းသာ ဖြစ်ပါတယ်။ အဲ့ဒီလိုမှ မလုပ်ဘူးဆိုလို့ရှိရင် ဒီနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြဋ္ဌာန်းထားတာတွေကို လိုက်နာခြင်းမရှိ ဆန့်ကျင်နေမှာ ဖြစ်တဲ့အတွက် မိမိလုပ်ငန်း၊ မိမိတာဝန်ကို ပိုင်းခြားဆောင်ရွက်တဲ့နေရာမှာ ဒီလိုအခြေအနေမျိုးက ဆက်လက်ပြီး ဖြစ်ပေါ်နေမှာ ဖြစ်ပါတယ်။ ဒါကို သဘောထားကွဲလွဲတယ်။ တစ်ဖက်နှင့် တစ်ဖက် ပဋိပက္ခဖြစ်တယ်ဆိုတဲ့ ဘေးပရောဂဘေးအမြင်တွေကို ဖယ်ရှားပြီး ကိုယ့်တာဝန်ကို ထမ်းဆောင်ရမယ်ဆိုတဲ့အသိနဲ့ ဆောင်ရွက်သွားဖို့လိုကြောင်း လွှတ်တော်သို့တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မနေ့က တင်ပြတဲ့နေရာမှာ မေးခွန်းများ မေးမြန်းခြင်းဟာ လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် သက်ဆိုင်ရာဌာနအသီးသီးကို မေးမြန်းခြင်း ဖြစ်ပါတယ်။ ဘယ်သူ့ကိုမေးမြန်းတာလဲ လွှတ်တော်ဥက္ကဋ္ဌကို မေးမြန်းတာ။ လွှတ်တော်ဥက္ကဋ္ဌက ဒီမေးမြန်းချက်တွေကို သက်ဆိုင်ရာပြည်ထောင်စုအစိုးရ ပြည်ထောင်စုအဖွဲ့အစည်းများကို ပြန်ပြီးတော့ တင်ပြတယ်။ ညှိနှိုင်းတယ်။ အဲ့ဒီအတိုင်းပဲ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် ပြည်ထောင်စုအဆင့်များကလည်း အဖြေတွေကို လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ဖြေကြားတာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ နားလည်ပြီးတဲ့အခါမှာ မေးမြန်းသူရော၊ ဖြေကြားသူရော သဘောပေါက်ပြီးဆောင်ရွက်ဖို့လိုပါတယ်။ ဒီလိုဆောင်ရွက်ထားခြင်းဟာ နှစ်ဖက်မျှမျှတတ အပြောအဆိုများ

ဖြစ်အောင် ဆွေးနွေးမှာဖြစ်ကြောင်း ဆောင်ရွက်ထားတယ်ဆိုတာ သဘောပေါက်ပြီး မေးတဲ့နေရာမှာ၊ ဖြေကြားတဲ့နေရာမှာ သိက္ခာရှိရှိ၊ အဆင့်ရှိရှိ ဆောင်ရွက်သွားဖို့လိုကြောင်းလည်း ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီး အစီအစဉ် ၅ ကို ဆက်လက်ဆောင်ရွက်ပါမယ်။

**အလယ်တောကျေးရွာအနီးတွင် ကန်ချောင်တစ်ဖက်ရပ်ဆည်တာတမံအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ထီးချိုင့်မြို့နယ်လယ်တောကျေးရွာအနီးတွင် ကန်ချောင်တစ်ဖက်ရပ်ဆည်တာတမံအား တည်ဆောက်ပေးနိုင်ရန် ကိစ္စဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထီးချိုင့်မြို့နယ်တွင် စပါးစိုက်ဧက ၃၇၉၀၆ ဧကရှိပြီး ယာမြေ ၄၀၅၀ ဧကအပါအဝင် စိုက်ပျိုးနိုင်တဲ့ဧကပေါင်းမှာ ၁၅၄၄၇ ဧကရှိပါတယ်။ ယခု တည်ဆောက်ခွင့်တောင်းခံတဲ့ တာတမံအနီးရှိ အလယ်တောကျေးရွာဟာ ထီးချိုင့်မြို့နဲ့ ၉ မိုင်ခန့်ကွာဝေးပြီး ထီးချိုင့်-ကျောင်းကုန်းကားလမ်းကတ္တရာလမ်းဘေးရှိ စံပြကျေးရွာတစ်ရွာဖြစ်ပါတယ်။ အလယ်တောကျေးရွာအုပ်စုမှာ အလယ်တောကျေးရွာ၊ အင်ဂျင်းကုန်းကျေးရွာ၊ စုပုတ်ချောင်ကျေးရွာ၊ ဆီးဖြူကျင်းကျေးရွာနှင့် အင်းတိမ်ကျေးရွာတို့နဲ့ ပါဝင်ဖွဲ့စည်းထားပါတယ်။ ဒေသခံအများစုဟာဖြင့် တောင်သူများဖြစ်ကြပြီးတော့မှ ကျေးရွာအုပ်စုအတွင်းမှာ စုစုပေါင်းလူဦးရေ ၆၂၀၀ ခန့်နေထိုင်လျက်ရှိပါတယ်။ ကျေးရွာမှာအုပ်ချုပ်ရေးရုံး၊ ရဲကင်းစခန်း၊ တိုက်နယ်ဆေးရုံ၊ အထက်တန်းကျောင်း၊ စာကြည့်တိုက်တို့တည်ရှိပြီးတော့မှ အုပ်စုအတွင်းမှာရှိတဲ့ အလယ်တောကျေးရွာနှင့် အင်းတိမ်ကျေးရွာများဟာ ၂၄ နာရီ လျှပ်စစ်ဓာတ်အားဟာ ကိုယ့်အားကိုယ်ကိုးအစီအစဉ်နှင့် ဆောင်ရွက်ထားတဲ့ ကျေးရွာများဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အလယ်တောကျေးရွာရဲ့

မြေဘက်ဘက်ခန့်မှန်းမြေပုံစာရင်း SM 587822 တွင် မိုးဆုတောင်းချောင်းရှိပြီး ၎င်းချောင်းဟာ ဆုပုတ်ကာချောင်း၊ ကျောက်ဆစ်ချောင်း၊ စိုက်စားချောင်းတို့ စုဆုံရာမှ ဖြစ်ပေါ်လာသောချောင်းဖြစ်ပါတယ်။ ချောင်းအမည်များတဲ့အတွက် ကျေးရွာမိဘပြည်သူ များက ကန်ချောင်တစ်ဖက်ရပ်ဆည်ဆိုပြီး အမည်ပေးထားခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါဆည်တာတမံ တည်ဆောက်နိုင်ရေးအတွက် ဒေသခံမိဘများက စိတ်ပါဝင်စားမှုရှိကြတဲ့အတွက် ၁၉-၄-၂၀၁၃ ရက်နေ့စတင်ပြီး ဆည်မြောင်းပညာရှင်များအပါအဝင် ကျွန်တော်ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။ ကွင်းဆင်းလေ့လာချက်အရ တောင်ကုန်းနှစ်ခုအကြား ရေဝပ်ဧရိယာအကျယ် ၂၀၀၀ ပေ ရေဝပ်ဧရိယာအတွင်း ဦးပိုင်ပေါက်လယ် ၆၀ ဧက၊ ယာ ၁၁၀.၂၄ ဧက စုစုပေါင်း ၁၇၀.၂၄ ဧကရှိကြောင်း တိုင်းတာချက်အရ သိရှိရပါတယ်။ မြေအမျိုးအစားမှာ ကျောက်စစ်ရောသဲမြေအမျိုးအ စားဖြစ်ပြီး ရေဆင်းဧရိယာ ၃ စတုရန်းမိုင်နှင့် ရေဝပ်ဧရိယာ ၁၉၂၀ ပေရှိကြောင်းသိရှိရပါတယ်။ ရေလှောင်တမံတည်ဆောက်ပေးနိုင်ပါက ဆည်ရေသောက်နိုင်တဲ့ဧကဟာ ၁၃၃၀၁ ဧကဖြစ်ကြောင်းသိရှိရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်အတွင်းမှာရှိကြတဲ့ စပါးစိုက် ဧရိယာများဟာ မိုးကောင်းသောက်လယ်များ သာဖြစ်ကြပြီး ဆည်ရေသောက်ဧရိယာ လုံးဝမရှိသေးပါကြောင်း တင်ပြလိုပါတယ်။ ဆည်တည်ဆောက်ပေးနိုင်မယ်ဆိုရင်တော့ နှစ်သီးစားစပါး၊ နွေစပါး အပါအဝင်ဧက ၂၀၀၀၀ ကျော်ခန့်စိုက်ပျိုးနိုင်မှာဖြစ်တဲ့အတွက် မြို့နယ်ရဲ့ပထမဦးဆုံးသော ဆည်တာတမံကို နိုင်ငံတော်က တည်ဆောက်ပေးနိုင်ရေး ဒေသခံမိဘပြည်သူများက မျှော်လင့်လျက်ရှိကြပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဝပ်ဧရိယာမှာပါဝင်နေတဲ့ ဒေသခံတောင်သူများနဲ့၁၃-၅-၂၀၁၃ ရက်နေ့မှာတွေ့ဆုံပြီး သဘောထားရယူတဲ့နေရာမှာ ကန်ချောင်တစ်ဖက် ရပ်ဆည်တာတမံတည် ဆောက်ခြင်းကိစ္စရပ်အား တည်ဆောက်နိုင်တဲ့အခွင့်အလမ်းရှိခဲ့လျှင် ကျေနပ်သဘောတူခဲ့ကြောင်း တင်ပြခဲ့ကြပါတယ်။ ၎င်းအပြင် ဆည်တည်ဆောက်ပေးခြင်းအားဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှာ ဝင်ငွေရရှိစေမှာဖြစ်ပြီးတော့ ဒေသခံမိဘတောင်သူများရဲ့ အကျိုးစီးပွားကိုဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ သို့ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ အလယ်တောကျေးရွာ၊ ကန်ချောင်တစ်ဖက် ရပ်ဆည်တာတမံအား တည်ဆောက်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိ ဒေသခံမိဘ ပြည်သူများရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁ မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးမေမြန်းသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ အလယ်တောကျေးရွာအနီးတွင် ကန်ချောင်တစ်ဖက်ရပ်ဆည် တာတမံအားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဖြေကြားချက်မှာ ထီးချိုင့်မြို့နယ်၊ အလယ်တောကျေးရွာအနီး၊ ကန်ချောင်တစ်ဖက်ရပ်ဆည်တာတမံအား တည်ဆောက်ပေးနိုင်ရေးအတွက် စူးစမ်းလေ့လာမှုများပြုလုပ်ရန် စီစဉ်လျက်ရှိပါတယ်။ စူးစမ်းလေ့လာမှုများအရ ဖြစ်နိုင်စွမ်းရှိပါက ဒီဇိုင်းပုံစံနှင့် ကုန်ကျစရိတ်များ ရေးဆွဲတွက်ချက်၍ နှစ်အလိုက်ရန်ပုံငွေလျာထားပေးရန် တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

## ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်က မြန်မာနိုင်ငံအပေါ်တင်ရှိနေသည့် ပြည်ပကြွေးမြီများနှင့် ပတ်သက်၍ ကြွေးလျှော်ပေးခြင်း၊ကြွေးဟောင်းမှ ကြွေးသစ်အဖြစ်သို့ သက်သာသော အတိုးနှုန်းဖြင့် ပြောင်းလဲနိုင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား ပြည်သူ့လွှတ်တော်မှ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်း အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်ကဥက္ကဋ္ဌထံ စာဖြင့်ရေးသားလက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ် တင်ပြလာပါတယ်။ ဒီအဆိုကိုတင်သွင်းဖို့ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးကို ဖိတ်ခေါ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသောပုဂ္ဂိုလ်များအား လေးစားစွာ

ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီမှ အတွင်းရေးမှူးဖြစ်ပါတယ်။ ကျွန်တော့်အားယခုကဲ့သို့ အရေးကြီးအဆိုတင်သွင်းခွင့်ပြုတဲ့ အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပထမပြောကြားလိုပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့အရေးကြီးအဆိုကတော့ မြန်မာနိုင်ငံအပေါ် တင်ရှိနေသည့် ပြည်ပကြွေးမြီများနှင့် ပတ်သက်၍ ကြွေးလျှော်ပေးခြင်း၊ ကြွေးဟောင်းမှ ကြွေးသစ်အဖြစ်သို့ သက်သာသောအတိုးနှုန်းဖြင့် ပြောင်းလဲခြင်းများကို ဆောင်ရွက်နိုင်ခဲ့သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား ပြည်သူ့လွှတ်တော်မှ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်း အဆိုဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ဖြစ်သော ၁၉-၂-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်အား ဘဏ္ဍာရေးအခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ရှင်းလင်းတင်ပြချက်အရ မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီ၊ ကြွေးဟောင်းစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၅၅၃၀ သန်း ဖြစ်ကြောင်းသိရပါတယ်။ ဒီကြွေးများအနက် ၁၉၈၈ ခုနှစ်မတိုင်မီချေးငွေများမှာ အမေရိကန်ဒေါ်လာ ၁၁၈၇၄ သန်းဖြစ်ပြီး ၁၉၈၈ ခုနှစ် နောက်ပိုင်း ချေးငွေများမှာ အမေရိကန်ဒေါ်လာ ၃၆၅၆ သန်းဖြစ်ကြောင်းသိရပါတယ်။ ၁၉၈၈ ခုနှစ်မတိုင်မီ ချေးငွေများအနက် ကမ္ဘာ့ဘဏ် IDA မှချေးငွေမှာ အမေရိကန်ဒေါ်လာ ၈၈၂ သန်းဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ် ADB မှ ချေးငွေမှာ အမေရိကန်ဒေါ်လာ ၆၆၅ သန်းဖြစ်ကြောင်း Practice Class အဖွဲ့ဝင်နိုင်ငံ ၁၂ နိုင်ငံမှ ချေးငွေမှာ အမေရိကန်ဒေါ်လာ ၁၀၃၂၂ သန်းဖြစ်ကြောင်း သိရပါတယ်။ Practice Class အဖွဲ့ဝင်နိုင်ငံများအနက် ဂျပန်နိုင်ငံမှ ချေးငွေမှာအများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၆၅၄၁ သန်းဖြစ်ကြောင်းသိရပါတယ်။ ဂျပန်နိုင်ငံမှကြွေးမြီများကို ရှင်းလင်းရေးအတွက် ပထမဦးစွာဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဧပြီလတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ကျင်းပသော သမ္မတကြီးဦးသိန်းစိန် တက်ရောက်ခဲ့သည့် ဂျပန်-မြန်မာထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံအပေါ်တင်ရှိနေသည့် ဂျပန်နိုင်ငံ၏ ကြွေးမြီများအနက် ၆၀ ရာခိုင်နှုန်းအား ကြွေးလျှော်ပေးရန်နှင့် ကျန် ၄၀ ရာခိုင်နှုန်းအား နှစ်ရှည်သက်သာသော ချေးငွေတစ်ရပ်အဖြစ်ပြောင်းလဲပေးခြင်းတို့ဖြင့် ကူညီမည်ဖြစ်ကြောင်း သဘောတူညီမှုရရှိခဲ့ပါတယ်။ ဆက်လက်ညှိနှိုင်းခဲ့ရာ ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ ၃၀နှစ် စုစုပေါင်း ၄၀ နှစ်၊ အတိုးနှုန်း ၁ နှစ်လျှင်အတိုးနှုန်း ၀.၀၁ ရာခိုင်နှုန်းဖြင့် ကြွေးဟောင်းမှ ကြွေးသစ်ပုံစံသို့ အလွန်

သက်သာသောအတိုးနှုန်းဖြင့် ပြောင်းလဲနိုင်ခဲ့ကြောင်း သိရပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆက်လက်၍ Practice Class အဖွဲ့ဝင် ကျန် ၁၁ နိုင်ငံနှင့် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ၂၄-၁-၂၀၁၃ ရက်နေ့၌ ဆွေးနွေးပြီးညှိနှိုင်းခဲ့ရာ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ စုစုပေါင်းကြွေးမြီပမာဏ နောက်ကျကြေးအပါအဝင်၏ ၅၀ ရာခိုင်နှုန်းအား ကြွေးလျှော်ပေးရန် နှင့် ကျန် ၅၀ ရာခိုင်နှုန်းအား ဆိုင်းငံ့ကာလ ၇ နှစ် အပါအဝင် စုစုပေါင်း ၁၅ နှစ်ဖြင့်ပြန်လည်ပေးဆပ်ရန် သဘောတူညီမှုရရှိခဲ့ပါတယ်။ နော်ဝေနိုင်ငံမှ ၎င်းတို့၏ကြွေးမြီအားလုံးအား လျှော်ပေးရန် သဘောတူညီခဲ့ပါတယ်။ အီတလီနိုင်ငံမှ ကျန်ကြွေးကျန် အမေရိကန်ဒေါ်လာ ၃ သန်းကျော်ကို ပြန်လည်ပေးဆပ်ရန်မလိုဘဲ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြန်လည်အသုံးချရန် သဘောတူညီမှုရရှိခဲ့ပါတယ်။ အထက်ပါ သဘောတူညီမှုအရ Practice Class အဖွဲ့ဝင်နိုင်ငံများမှ တင်ရှိသောကြွေးမြီစုစု ပေါင်း အမေရိကန်ဒေါ်လာ ၁၀၃၂၇ သန်းအနက် အမေရိကန်ဒေါ်လာ ၅၉၂၅ သန်းအား ကြွေးလျှော်ပေးခြင်းကို သဘောတူညီ ချက်ရရှိခဲ့ပါသဖြင့် ကြွေးမြီစုစုပေါင်း၏ ၅၇ ရာခိုင်နှုန်းခန့် ကြွေးလျှော်ပေးခြင်းဖြစ်ကြောင်း တွေ့ရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ဘဏ် IDA နှင့် အာရှဖွံ့ဖြိုးရေးဘဏ် ADB တို့မှ ချေးငွေများမှာ ၎င်းတို့၏မူဝါဒအရ ကြွေးလျှော်ပေးခြင်း မပြုလုပ်နိုင်သော်လည်း ပေါင်းကူးချေးငွေရယူကာ ကြွေးဟောင်းမှကြွေးသစ်အဖြစ်သို့ သက်သာသောအတိုးနှုန်း အဖြစ်အောက်ပါအတိုင်း ပြောင်းလဲနိုင်ခဲ့ကြောင်း သိရပါတယ်။ ကမ္ဘာ့ဘဏ်နှင့် ကြွေးမြီရှင်းလင်းရန်အတွက် Japan Bank For International Corporation (JPIC) မှ ပေါင်းကူးချေးငွေရယူကာ ကြွေးမြီရှင်းလင်းခြင်းကို ၂၅-၁-၂၀၁၃ ရက်နေ့၌ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့ဘဏ်ကြွေးမြီကို ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ ၃၀ နှစ် စုစုပေါင်း ၄၀ နှစ်၊ အတိုးနှုန်း တစ်နှစ်လျှင် ၀.၇၅ ရာခိုင် နှုန်းသို့ ပြောင်းလဲနိုင်ခဲ့ပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကြွေးမြီရှင်းလင်းရန်အတွက် JPIC မှ ပေါင်း ကူးချေးငွေရယူကာ ကြွေးမြီရှင်းလင်းခြင်းကို ၁၇-၁-၂၀၁၃ ရက်နေ့၌ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အာရှဖွံ့ဖြိုးရေးဘဏ်ကြွေးမြီကို ဆိုင်းငံ့ကာလ ၈ နှစ်၊ ပြန်ဆပ်ကာလ ၁၆နှစ်၊ စုစုပေါင်း ၂၄ နှစ် ဆိုင်းငံ့ကာလအတွင်း အတိုးနှုန်း ၁ နှစ်လျှင် ၁ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလနောက်ပိုင်းတွင် ၁ နှစ်လျှင် အတိုးနှုန်း ၁.၅ ရာခိုင်နှုန်းသို့ ပြောင်းလဲနိုင်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအတိုင်း မြန်မာနိုင်ငံအပေါ်တင်ရှိနေသည့် ကြွေးမြီများနှင့်ပတ်သက်၍ ကြွေးလျှော်ပေးခြင်း၊ ကြွေးဟောင်းမှကြွေးသစ်အဖြစ်သို့ ပြောင်းလဲနိုင်ခဲ့ခြင်းများကြောင့် မိမိတို့နိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်းနှင့် ထိတွေ့ဆက်ဆံမှုပြန်လည် ရရှိတိုးတက်

ကောင်းမွန်လာမည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများနှင့် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် နိုင်ငံတကာမှအထောက်အပံ့အကူအညီနှင့် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများရရှိလာနိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ အောင်မြင်လာခြင်းသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးအတွက် စွမ်းဆောင်နိုင်ခဲ့သော အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်၏အဆိုဖြစ်သော မြန်မာနိုင်ငံအပေါ်တင်ရှိနေသည့် ပြည်ပကြွေးမြီများနှင့်ပတ်သက်၍ ကြွေးလျှော်ပေးခြင်း၊ ကြွေးဟောင်းမှကြွေးသစ်အဖြစ်သို့ သက်သာသောအတိုးနှုန်းဖြင့် ပြောင်းလဲနိုင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား ပြည်သူ့လွှတ်တော်မှ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ကြောင်းအဆိုအား ပြည်သူ့ကိုယ်စားလှယ်များမှ အတည်ပြုပေးပါရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုအားထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစောလှထွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှေးမြန်မာစကားပုံရှိပါတယ်။ အကြွေးကင်းလျှင် သူဌေးစာရင်းဝင်တယ်။ အကြွေးရှိနေတော့ မျက်နှာမလှအတိုးတွေကတက် ထပ်ဆင့်ပြီးတော့ ကျွန်တော်တို့ LCD နိုင်ငံအဖြစ် ယခုလို ၁၀၀ အကြွေးရှိနေရာက ၅၇ ရာခိုင်နှုန်းကျော် အကြွေးများကင်းရှင်းအောင် ဆောင်ရွက်ပေးခဲ့တဲ့အတွက် မျက်နှာလည်းပွင့်တယ်။ အကြွေးလည်းမရှိသလောက် ဖြစ်သွားပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ရင်းနှီးမြှုပ်နှံမှုငွေကြေးများ လှည့်ပတ်သုံးစွဲငွေများဖြင့် ငွေစာရင်းပြောင်းလဲခြင်းအဆင့်လောက်ပဲ ကျန်ရှိတဲ့သဘောဖြစ်တယ်လို့ ယူဆပါတယ်။ အကြွေးကင်းတော့ ကတိတည်တယ်လို့လည်းဖြစ်လာပါတယ်။ မျက်နှာပန်းလည်းပွင့်လာပါတယ်။ အဟောင်းပေး အသစ်ယူဆိုသလို လှည့်ပတ်ငွေပဲကျန်ရှိသလောက်ဖြစ်သွားပါတယ်။ ဒီလိုဖြစ်အောင်ဆောင်ရွက်ပေးခဲ့တဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ နိုင်ငံ တော်နှင့် နိုင်ငံသားများ အကျိုးအတွက် စွမ်းဆောင်နိုင်ခဲ့သော အောင်မြင်မှုများပင်ဖြစ်ပါတယ်။ ဒါ့ကြောင့် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး

တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံအပေါ်တင်ရှိနေသည့် ပြည်ပကြွေးမြီများနှင့် ပတ်သက်၍ ကြွေးလျှော်ပေးခြင်း၊ ကြွေးဟောင်းမှ ကြွေးသစ်အဖြစ်သို့ သက်သာသောအတိုးနှုန်းဖြင့် ပြောင်းလဲနိုင် ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့အား ပြည်သူ့လွှတ်တော်မှ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ကြောင်း အဆိုအား လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်း ရယူမှာဖြစ်ပါတယ်။ ဦးမောင်တိုးတင်သွင်းသွားတဲ့အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[လွှတ်တော်မှ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမောင်တိုးမင်းလှမဲဆန္ဒနယ်မှတင်သွင်းသွားတဲ့ မြန်မာနိုင်ငံအပေါ်တင်ရှိနေသည့် မြန်မာ့ကြွေးမြီများနှင့်ပတ်သက်၍ ကြွေးလျှော်ပေးခြင်း၊ ကြွေးဟောင်းမှကြွေးသစ်အဖြစ်သို့ သက်သာသောအတိုးနှုန်းဖြင့် ပြောင်းလဲနိုင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့တို့အား ပြည်သူ့လွှတ်တော်မှ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်း အဆိုကို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဦးမျိုးဆွေ၊ တနိုင်းမဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ ၂၆-၆-၂၀၁၃ ရက်နေ့တွင် ဦးမျိုးဆွေ၊ တနိုင်းမဲဆန္ဒနယ်မှ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ဆက်သွယ်ရေးအော်ပရေတာ လုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ်တာဝန်ပေးအပ်ရာတွင် ပြည်တွင်း၊ ပြည်ပဖက်စပ်ကုမ္ပဏီများ အဖြစ် သတ်မှတ်ရွေးချယ်တာဝန်ပေးအပ်ရန်နှင့် ဆက်သွယ်ရေးအော်ပရေတာ လုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းပေးဖို့ ပြည်ထောင်စုဝန်ကြီးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြတ်ဟိန်း(ပြည်ထောင်စုဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်း ပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်အစည်းအဝေးသို့တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယမန်နေ့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် ၁၁း၃၀ နာရီအချိန်မှာ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေရဲ့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ဆက်သွယ်ရေး အော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ် တာဝန်ပေးအပ်ရာတွင် ပြည်တွင်း၊ ပြည်ပဖက်စပ်ကုမ္ပဏီများအဖြစ် သတ်မှတ်ရွေးချယ်တာဝန်ပေးအပ်ရာတွင် ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ်တာဝန်ပေးအပ်ခြင်းအား ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းပြီးမှ ဆက်လက်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်း အဆိုနှင့်ပတ်သက်၍လည်းကောင်း ကျွန်တော်တို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနရဲ့ နိုင်ငံတော်ဆက်သွယ်ရေးကဏ္ဍာ ဆောင်ရွက်နေမှုများအကျဉ်းကိုလည်းကောင်း ကျွန်တော်တင်ပြမှာဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော်တို့နိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍာကို တင်ပြလိုပါတယ်။ လက်ရှိကျွန်တော်တို့နိုင်ငံရဲ့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနဲ့ ရတနာပုံတယ်လီပို့ လီမီတက်တို့မှ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဟာ အစိုးရဌာန ဖြစ်ပါတယ်။ ရတနာပုံတယ်လီပို့ဟာ အများနှင့်မသက်ဆိုင်သောကုမ္ပဏီဖြစ်ပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ အော်ပရေတာလုပ်ငန်းများအပြင် အခြေခံအဆောက်အအုံး Infrastructure များတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရပါတယ်။ ဆိုလိုတဲ့သဘောကတော့ အော်ပရေတာလုပ်ငန်းအပြင် တည်ဆောက်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်နေရကြောင်း တင်ပြခြင်းဖြစ်ပါတယ်။ ဒီလုပ်ငန်းများအားလုံးကိုတော့ နိုင်ငံတော်မှ ခွဲဝေရရှိတဲ့ ဘဏ္ဍာငွေနှင့်သာဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

လက်ရှိ ကျွန်တော်တို့နိုင်ငံရဲ့ Mobile Telephone Density နှင့်ပတ်သက်ပြီး ဆက်လက်တင်ပြပါမယ်။ လက်ရှိအနေအထားမှာ ကျွန်တော်တို့နိုင်ငံမှာ Mobile Telephone Density ဟာ ၇.၀၈ ရာခိုင်နှုန်းဖြစ်ပါတယ်။ အကြမ်းဖျင်းအားဖြင့် လူ ၁၀၀ မှာ ၇ ယောက် တယ်လီဖုန်းသုံးစွဲ

နိုင်တယ်ဆိုတဲ့ အနေအထားပဲဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ၅၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံမှာ ၇၂ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှာ ၁၂၃ ရာခိုင်နှုန်း၊ အိန္ဒိယနှင့် တရုတ်မှာ ၇၈ ရာခိုင်နှုန်း အသီးသီးရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယား နိုင်ငံမှာလည်း ၇၈ ရာခိုင်နှုန်းရှိတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် Mobile Telephone Density ဟာ ကျွန်တော်တို့နိုင်ငံနှင့် အခြားဒေသတွင်းနိုင်ငံများနှင့် ကွာဟချက်လွန်စွာ များပြားနေတယ်ဆိုတာကိုလေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီနေ့ခေတ်မှာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာတိုးတက်ဖွံ့ဖြိုးမှုဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူဖြစ်သလို လူတစ်ဦးခြင်းရဲ့ လူနေမှုဘဝ Quality of Life ကိုလည်း တိုးတက်မြင့်မား စေတယ်ဆိုတာကို အားလုံးသိပြီးသားဖြစ်မှာပါ။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ Mobile Tele Density တိုးတက်မြင့်မားလာစေရေး မြို့ပေါ်မှာသာမက ကျေးလက်တောရွာ၊ နယ်စပ်ဒေသများအထိ ဆက်သွယ်မှုကွန်ရက် တည်ဆောက်နိုင်ရေးတို့ကို ရည်မှန်းချက်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ Tele Density ကို ၂၇ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၅၀ ရာခိုင်နှုန်း ၂၀၁၅-၂၀၁၆ မှာ ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းမှ တိုးမြှင့်ရန်လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အရည်အသွေးပိုမိုကောင်းမွန်ပြီး အများပြည်သူတို့အတွက် သင့်လျော်တဲ့နှုန်းထားဖြင့် ဝန်ဆောင်မှုကောင်းမွန်စေရန်အတွက်ပါ ထည့်သွင်းပြီး ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အဆင့်ဆင့်သောမူဝါဒတွေချမှတ်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မှုအပေါ် နိုင်ငံတကာအဖွဲ့အစည်းများမှလည်း အသိအမှတ်ပြုပြီးတော့ ပူးပေါင်းဆောင်ရွက်မှုတွေအကြံဉာဏ်ပေးမှုတွေ၊ အကူအညီပေးမှုတွေဆောင်ရွက်လာကြတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍ တိုးတက်မှုအတွက် World Bank ITU လို့ခေါ်တဲ့ International Telecommunication Union စတဲ့အဖွဲ့အစည်းတွေကလည်း စဉ်ဆက်မပြတ်ထိတွေ့ဆက်ဆံပြီးတော့ ကျွန်တော်တို့နှင့် ပူးပေါင်းဆောင်ရွက်မှုတွေ၊ အကူအညီပေးမှုတွေ ပြုလုပ်လာကြတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ အထက်ကတင်ပြခဲ့တဲ့အတိုင်း အရည်အသွေး ပိုကောင်းလာရမယ်။ သင့်လျော်သောနှုန်းထားလည်းဖြစ်ရမယ်။ Tele Density လည်းတိုးတက်ရမယ်။ ဒါ့အပြင် နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့ ကိုက်ညီအောင်လည်း ဆောင်ရွက်ရမယ်ဆိုတဲ့လုပ်ငန်းတွေကို လက်ရှိကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတစ်ခုတည်းနဲ့ ဆောင်ရွက်ရန်အခက်အခဲများစွာရှိပါတယ်။

ဒါ့ကြောင့် ပြည်တွင်း၊ ပြည်ပက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်နေတဲ့ အော်ပရေတာတွေကို ဖိတ်ခေါ်ပြီး လုပ်ဆောင်ရန် စီမံခဲ့ရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်တွင်း၊ ပြည်ပက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေတဲ့ အော်ပရေတာတွေနဲ့ ကုမ္ပဏီတွေကို အပြည်ပြည်ဆိုင်ရာတင်ဒါခေါ်ယူရာမှာ အပြည်ပြည်ဆိုင်ရာတင်ဒါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစေဖို့အတွက် Telecommunication Tender Consultant ကုမ္ပဏီအဖွဲ့အစည်းများကို နိုင်ငံပိုင်သတင်းစာများမှ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှ ဇူလိုင်လ ၁၁ ရက်နေ့အထိ တင်ဒါခေါ်ယူခဲ့ပါတယ်။ သတင်းစာတွေမှာအပြင် နိုင်ငံတကာမှာရှိတဲ့ မြန်မာနိုင်ငံသံရုံးများမှာလည်း ကြေညာခဲ့ပါတယ်။ တင်ဒါပိတ်သိမ်းတဲ့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့အထိ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းပေါင်း ၆၄ ခုတို့မှ အဆိုပြုလွှာများ တင်သွင်းခဲ့ကြပါတယ်။ အဆိုပြုလွှာများကို စနစ်တကျရွေးချယ်အတည်ပြုနိုင်ဖို့အတွက် နိုင်ငံတော်သမ္မတရုံးသို့ communication Consultancy စိစစ်ရွေးချယ်ရေးကော်မတီဖွဲ့စည်းနိုင်ရန် တင်ပြခဲ့ပြီး နိုင်ငံတော်သမ္မတရုံးက ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ အဖွဲ့ဝင် ၇ ဦးပါ communication Consultancy စိစစ်ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီအဖွဲ့အနေနဲ့ ITU မှ ကျွမ်းကျင်ပညာရှင် ၂ ဦးအပါအဝင် ဝန်ကြီးဌာနက အရာရှိကြီးများနှင့် ညှိနှိုင်းဆွေးနွေးကာ ရွေးချယ်ရေးအတွက် အခြေခံထားရှိရမယ့် Criteria များ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ရာမှာ နောက်ဆုံး Roland Berger Strategy Consultant အဖွဲ့ကို ရွေးချယ်အတည်ပြုခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနဲ့ Roland Berger Strategy Consultant တို့ နိုင်ငံတကာတင်ဒါခေါ်ဆိုရာမှာ အကြံပြုလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍနှင့် ICT ကဏ္ဍမှာ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများမှ ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာတင်ဒါခေါ်ယူရေးကို ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဖွဲ့စည်းဖို့ နိုင်ငံတော်သမ္မတရုံးကိုတင်ပြခဲ့ရာမှာ နိုင်ငံတော်သမ္မတရုံးကနေ အမျိုးသား

စီမံကိန်းနှင့် စီပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဆက်အောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၈ ဦးပါဝင်တဲ့ Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှာ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဟာ Roland Berger Strategy Consultant နှင့်ဆွေးနွေးညှိနှိုင်းပြီး နိုင်ငံတကာတင်ဒါခေါ်ယူတဲ့ ကျင့်ထုံးများနှင့် အညီ ရွေးချယ်ရေးဆိုင်ရာ Criteria များ ချမှတ်ခြင်း၊ အမှတ်ပေးဇယားများပြုစုခြင်း၊ အချိန်ဇယားသတ်မှတ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့စွဲဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ၂ ခုတင်ဒါအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း၊ Expression Of Interest (EOI) ကို Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီကနေ နိုင်ငံပိုင်သတင်းစာများမှလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး Website များမှလည်းကောင်း ကြေညာခဲ့ပါတယ်။ မူလက ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ ညနေ ၃ နာရီမှာ တင်ဒါပိတ်ရန်ရည်မှန်းထားသော်လည်း လျှောက်ထားတဲ့ကုမ္ပဏီများ ပိုမိုအချိန်ရရှိစေရန်အတွက် ဖေဖော်ဝါရီလ ၁၃ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ကြောင်းကိုလည်း တစ်ဆက်တည်းကြေညာခဲ့ပါတယ်။ EOI လျှောက်လွှာပိတ်သိမ်းချိန်မှာ ပြည်တွင်း၊ ပြည်ပမှ လျှောက်လွှာပေါင်း ၉၁ စောင်လက်ခံရရှိခဲ့ပါတယ်။ Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဟာ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှာ လျှောက်လွှာများကို စိစစ်ခဲ့ပြီး Pre-Qualification ဖြစ်တဲ့ လျှောက်လွှာ ၂၂ စောင်ရွေးချယ်အတည်ပြုခဲ့ပါတယ်။ ဆက်လက်ပြီးတော့ စိစစ်မှုများပြုလုပ်ခဲ့ရာမှာ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှာ Pre-Qualification အောင်မြင်တဲ့ ဒုတိယအဆင့် တင်ဒါ ၁၂ စောင်ကိုရွေးချယ်အတည်ပြုခဲ့ပါတယ်။ အောင်မြင်တဲ့ တင်ဒါ ၁၂ စောင်ရဲ့ အမည်စာရင်းများကိုလည်း သက်ဆိုင်ရာကုမ္ပဏီတစ်ခုချင်းစီသို့ တရားဝင်အကြောင်းကြားခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ Website မှာထုတ်ပြန်ကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဟာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှာ ကုမ္ပဏီအနေနဲ့ နောက်ဆုံးအဆင့် တင်ဒါများကို ဖွင့်ဖောက်စိစစ်လက်ခံပါတယ်။ အောင်မြင်သူ ၁၂ ဦးအနက် ၁၁ ဦးသာ တင်ဒါတင်သွင်းခဲ့ကြပါတယ်။ ရိုဒါဖုန်းနှင့် China Mobile ၂ ခုဖက်စပ်လုပ်တဲ့ Operator ကတော့ သူတို့ရဲ့ အဖွဲ့အတွင်း ရင်းနှီးမြှုပ်နှံမှုမှာ အခက်အခက်ရှိတဲ့အတွက်ကြောင့်မို့လို့ သူတို့ရဲ့ သဘောဆန္ဒအရ လျှောက်လွှာတင်သွင်းခြင်း

မပြုခဲ့ပါဘူး။ ဒါကြောင့် ကော်မတီဟာ နောက်ဆုံးအဆင့်တင်လာတဲ့ တင်ဒါ ၁၁ စောင်ကို သတ်မှတ်တဲ့ နည်းလမ်းများအတိုင်း အဆင့်ဆင့်စိစစ်ပြီးတော့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ ဒီကနေ့မှာ မြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိတဲ့ ကုမ္ပဏီ ၂ ခုရဲ့အမည်စာရင်းကိုကြေညာဖို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ လက်ရှိတည်ဆဲဥပဒေနဲ့ နည်းဥပဒေများဟာခေတ်နှင့်လျော်ညီခြင်းမရှိတော့တဲ့အတွက် တိုးတက်ပြောင်းလဲလာတဲ့ ဆက်သွယ်ရေးနည်းပညာများ ဆက်သွယ်ရေးဝန်ဆောင်မှုပုံစံများနှင့် လိုက်လျောညီထွေဖြစ်စေမယ့် ဆက်သွယ်ရေးဥပဒေမူကြမ်းကိုပြုစုပြီး ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့မှာ ပေးပို့တင်ပြထားပြီးဖြစ်ပါတယ်။ လွှတ်တော်ကနေ ဆက်သွယ်ရေးဥပဒေမူကြမ်းကို စိစစ်ဆောင်ရွက်နေတဲ့ကာလလည်းဖြစ်ပါတယ်။ တည်ဆဲဥပဒေတစ်ရပ်ဖြစ်တဲ့ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၃ မှာ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသော စီးပွားရေး လုပ်ငန်းများကို ဖော်ပြထားရာမှာ ပုဒ်မခွဲ(စ)တွင် စာတိုက်ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းကို ဖော်ပြထားရှိပါတယ်။ သို့သော်လည်း ယင်းဥပဒေပုဒ်မ ၄ မှာ ချွင်းချက်အနေဖြင့် အစိုးရအဖွဲ့သည် ပုဒ်မ ၃ အရ အစိုးရကသာလုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရနှင့် အခြားမည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်စီးပွားရေးအဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်စေ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခွင့်ပြုနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏ အကျိုးစီးပွားအလို့ငှာ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ယင်းကိစ္စနှင့်ပတ်သက်၍လည်း နိုင်ငံတော်သမ္မတရုံးအနေနဲ့ ၂၀၁၃ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံသို့ သဝဏ်လွှာပေးပို့ထားပြီးဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက အတည်ပြုပေးသော အော်ပရေတာ ၂ ဦးကို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခဲ့ပါက ယင်းအော်ပရေတာ

၂ ဦးအပြင် Corporatization ပြုလုပ်ရန်ဆောင်ရွက်နေတဲ့ လက်ရှိမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီအဖြစ်ကနေပြီးတော့ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ပြောင်းလဲလာမယ့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် ဒီ ၂ ခုကိုလည်း ကျွန်တော်တို့ ပြည်တွင်း တယ်လီပို့အော်ပရေတာအဖြစ် ဆောင်ရွက်နေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံမှာ International Operator ၂ အဖွဲ့၊ ပြည်တွင်းမှ အော်ပရေတာ ၂ ဖွဲ့ ထပ်ပြောရရင် ကျွန်တော်တို့ ပြည်တွင်းက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို Corporatization လုပ်ပါမယ်။ အော်ပရေတာ လုပ်ငန်းဆောင်ရွက်ပါမယ်။ အများနှင့်မသက်ဆိုင်သော ရတနာပုံတယ်လီပို့ကိုလည်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီအဖြစ်ပြောင်းလဲဖွဲ့စည်းပြီးတဲ့နောက်မှာ Telegraph အော်ပရေတာ တစ်ခုအဖြစ် ဆောင်ရွက်စေမှာဖြစ်ပါတယ်။ ဒါကြောင့် စုစုပေါင်း အော်ပရေတာ ၄ ခုဖြစ်လာမှာ ဖြစ်ပါ တယ်။ အဲဒီလို အော်ပရေတာ ၄ ခုရှိလာခဲ့ခြင်းကြောင့် ဆက်သွယ်ရေးနှင့် ICT ကဏ္ဍမှာ ယှဉ်ပြိုင် မှုများရှိလာပြီး ပြည်သူများအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး သက်သာသော နှုန်းထားများနှင့် ဝန်ဆောင်မှုများကို ရရှိလာမှာဖြစ်ပါတယ်။ ပြည်သူများရဲ့စိတ်ကြိုက်ရွေးချယ်သုံးစွဲနိုင်မည့် အခွင့် အရေးရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်၏ ဆက်သွယ်ရေးနှင့် ICT ကဏ္ဍ လျှင်မြန်စွာ တိုးတက်လာမှာဖြစ်ပြီးတော့ ယင်းနှင့်ဆက်စပ်လျက်ရှိတဲ့ ကဏ္ဍများမှာလည်း တိုးတက်လာကာ နိုင်ငံတော်ရဲ့ GDP တိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ လေ့လာချက်များအရ Telegraph Density တိုးတက်လာတာနှင့်အမျှ GDP တိုးတက်မှုဟာလည်း တိုက်ရိုက်အချိုးကျ နေတယ်ဆိုတာကို တွေ့ရှိခဲ့ရပါတယ်။ နိုင်ငံတော်ရဲ့ Image ကလည်း မြင့်မားလာမှာဖြစ်ပါတယ်။ အခု ကျွန်တော်တင်ပြခဲ့တဲ့ အော်ပရေတာကြီး ၄ ခု အရေအတွက်ကန့်သတ်ချက်ကလည်း မိုဘိုင်း ဆက်သွယ်ရေးထက် နိုင်ငံတော်ရဲ့ ရှားပါးသယံဇာတဖြစ်တဲ့ Radio Frequency ကန့်သတ်ချက် ကြောင့်ဖြစ်ပါတယ်။ နိုင်ငံတကာမှလျှောက်လာတဲ့ အော်ပရေတာများအနက် သက်ဆိုင်ရာနိုင်ငံမှ ကုမ္ပဏီတစ်ခုထဲကနေ အော်ပရေတာတစ်ခုအဖြစ် ဝင်ရောက်လျှောက်ခဲ့ခြင်းရှိသလို နိုင်ငံ ၂ ခုမှ ကုမ္ပဏီ ၂ ခုပေါင်းပြီး အော်ပရေတာတစ်ခုအနေဖြင့်လျှောက်ခြင်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှ ကုမ္ပဏီအချို့နှင့် ဖက်စပ်ပူးပေါင်းကာ အော်ပရေတာတစ်ခုအဖြစ်လျှောက်ခြင်းများလည်း ရှိခဲ့ ပါတယ်။ အကယ်၍ ရွေးချယ်ခံရတဲ့ တင်ဒါအောင်မြင်တဲ့ အော်ပရေတာတွေထဲမှာ တစ်နိုင်ငံထဲက အဖွဲ့အစည်း တစ်ခုထဲက အော်ပရေတာပါလာသည့်တိုင်အောင်တောင်မှ ကျွန်တော်တို့နိုင်ငံမှာ သက်ဆိုင်တဲ့ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ စာချုပ်များချုပ်ဆိုပြီးတဲ့နောက်မှာ ကျွန်တော်တို့ ပြည်တွင်းက အဖွဲ့အစည်း

များ၊ ကုမ္ပဏီများက အဲဒီပြည်ပကုမ္ပဏီနှင့်ပူးပေါင်းချင်တယ်ဆိုလို့ရှိရင် နှစ်ဦးနှစ်ဖက်သဘောတူပါက ပူးပေါင်းဆောင်ရွက်ခွင့်ရှိပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ ပြည်တွင်းကကုမ္ပဏီတွေ အနေနဲ့ ပါဝင်မှုရာခိုင်နှုန်း ၅ ရာခိုင်နှုန်းထက် မကျော်ဘူးဆိုရင် သူတို့အဖွဲ့ ၂ ဖွဲ့ရဲ့ သဘောတူညီချက် နဲ့ပူးပေါင်းဆောင်ရွက်ခွင့်ရှိပါတယ်။ အကယ်၍ ၅ ရာခိုင်နှုန်းထက်ကျော်မယ်ဆိုရင်တော့ သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ သဘောတူညီချက်နဲ့ ပူးပေါင်းဆောင်ရွက်ခွင့်ရှိတယ်ဆိုတဲ့အကြောင်းလည်း အများသိရှိ စေရန်အတွက် ဆက်လက်တင်ပြလိုပါတယ်။

ဒါ့အပြင် အထက်က ကျွန်တော်တင်ပြခဲ့သလို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကိုလည်း ကျွန်တော်တို့က လာမယ့်နှစ်မှာ အော်ပရေးရှင်းအသွင်ပြောင်းပြီးတော့ အော်ပရေတာတစ်ခုအနေနဲ့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီအခါမှာ ကျွန်တော်တို့အနေနဲ့လည်း နိုင်ငံတော်ဘဏ္ဍာငွေချည်းပဲ အားကိုးလို့လည်း မရတော့ပါဘူး။ အဓိက ကျွန်တော်တို့ရဲ့ လိုအပ်ချက်ဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာလွှဲပြောင်းရရှိမှု၊ လူ့စွမ်းအားအရင်းအမြစ် အဓိက ဒီ ၃ ချက်လိုအပ်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတစ်ခုတည်း ရပ်တည်နိုင်ရေးအတွက် အခက်အခဲရှိမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသူတွေ၊ နည်းပညာပူးပေါင်းဆောင်ရွက်လိုသူတွေ လူ့စွမ်းအားအရင်းအမြစ်ပူးပေါင်း ဆောင်ရွက်လိုသူတွေစသဖြင့် ဒါတွေနဲ့ ကျွန်တော်တို့ ပူးပေါင်း ဆောင်ရွက်ဖို့ အစီအမံများချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေနဲ့ Joint Venture ပဲလုပ်လုပ်၊ PPP စနစ်နဲ့ပဲလုပ်လုပ် ဆောင်ရွက်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့အစီအမံများ ဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့ဘဏ် ITU ထံမှအကြံဉာဏ်များလည်း ရယူလျက်ရှိပါတယ်။ တစ်ခါ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအတွက်လည်း တောက်လျှောက် အစိုးရဌာနလုပ်ငန်းတစ်ခု ရပ်တည်ရာကနေပြီးတော့ ကျွန်တော်တို့ ယှဉ်ပြိုင်မှုရှိ လာတဲ့ အော်ပရေတာတစ်ခုအဖြစ် ရပ်တည်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါကို ကမ္ဘာ့အဖွဲ့အစည်း များကလည်း သိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အတွေ့အကြုံမရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့အတွက် အထောက်အကူဖြစ်စေ ရန်အလို့ငှာ ကျွမ်းကျင်ပညာရှင်များကို ကမ္ဘာ့ဘဏ်ရဲ့ အစီအစဉ်၊ ITU ရဲ့အစီအစဉ်နဲ့ Consultant များအဖြစ် ကျွန်တော်တို့ကို ကူညီပြီးဆောင်ရွက် ပေးမယ်ဆိုတဲ့ ညှိနှိုင်းမှုများလည်း ရရှိပြီးဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ရတနာပုံတယ်လီပို့ဖြစ်ပါတယ်။ ရတနာပုံတယ်လီပို့ကို သက်ဆိုင်ရာ Board of Director အဖွဲ့များနှင့် ၃ ကြိမ်ခန့် ကျွန်တော်တွေ့ဆုံဆွေးနွေးပြီးဖြစ်ပါတယ်။ သူတို့ကိုလည်း ကျွန်တော်မေးပါတယ်။ ရတနာပုံ

တယ်လီပို့ အော်ပရေတာအနေနဲ့လုပ်နိုင်မလား။ လုပ်ချင်တဲ့ဆန္ဒရှိလား။ လုပ်နိုင်တဲ့အင်အားရှိလား ကျွန်တော်မေးပါတယ်။ အားလုံးကလည်း လုပ်ချင်ပါတယ်။ လုပ်နိုင်တဲ့အနေအထားရှိပါတယ်။ ဖြေပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဆိုရင်တော့ အဲဒါကို အများပိုင်တောင်းပါ။ လက်ရှိအနေအထားမှာ ရတနာပုံတယ်လီပို့မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရှယ်ယာများထည့်ထားတာရှိပါတယ်။ သူ့ရဲ့ လုပ်ထုံးလုပ်နည်းဥပဒေက အော်ပရေတာတစ်ခုဟာ အခြားအော်ပရေတာတစ်ခုမှာ ရှယ်ယာ ၅ ရာခိုင်နှုန်းထက် ပိုထည့်လို့မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရှယ်ယာတွေပြန်ပြီးတော့ထုတ်မယ်။ ကျွန်တော်တို့မှာလည်း ပြန်ရှင်းနှီးရမယ်။ ကျန်တာကိုတော့ ခင်ဗျားတို့ အများပိုင်ကုမ္ပဏီလုပ်မယ်။ ပါဝင်ချင် တဲ့သူအားလုံးကို ဥပဒေဘောင်အတွင်း လုပ်ထုံးလုပ်နည်းအတိုင်းအားလုံး တိုင်းရင်းသားလုပ်သား ပြည်သူအားလုံးပါဝင်နိုင်အောင် မည်သူကိုမှ မပါရဘူး။ မည်သူကိုပါရမယ်စသဖြင့် ကန့်သတ်ချက်မျိုးမထားဖို့ ကျွန်တော်တို့ အကြိမ်ကြိမ်ပြောဆိုပြီးတော့ သူတို့နှင့်ညှိနှိုင်းဆွေးနွေးပြီးဖြစ်ပါတယ်။ သူတို့အနေနဲ့လည်း အဲဒီအတိုင်း လုပ်နိုင်တယ်ပြောပြီး အခုစတင်ဖွဲ့စည်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ပထမဆုံးတော့ တယ်လီပို့ကို Valuation လုပ်နေပါတယ်။ ပြီးတော့ Management ကော်မတီကို ဖွဲ့ပြီးတဲ့အခါမှာ ဒီလုပ်ငန်းနဲ့ပတ်သက်တဲ့ ဆောင်ရွက်ရန်လိုအပ်ချက်တွေကိုအားလုံးကိုလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက ရွေးချယ်ပေးတဲ့ အော်ပရေတာ ၂ ဦးနှင့်ပတ်သက်၍ ယခု တင်ဒါခေါ်ယူထားတဲ့ကိစ္စမှာ နိုင်ငံတကာသို့ တရားဝင် ကြေညာထားပြီးဆောင်ရွက်တဲ့ကိစ္စဖြစ်ပါတယ်။ လျင်မြန်စွာအကောင်အထည်ဖော်နိုင်ပါက နိုင်ငံတော် နှင့် နိုင်ငံသားတွေအတွက်လည်း အကျိုးကျေးဇူးရရှိနိုင်မှာ မလွဲဧကန်ဖြစ်ပါတယ်။ အကယ်၍ နှောင့်နှေးနေမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ နိုင်ငံတကာကနေပြီး ကျွန်တော်တို့ နိုင်ငံအပေါ်မှာ ရင်းနှီးမြှုပ်နှံမှုအတွက် ယုံကြည်မှုလျော့နည်းသွားနိုင်တယ်လို့လည်း ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။ ယခုအချိန်ထိ International Telecommunication Operator တင်ဒါလုပ်ငန်းစဉ်များ နှင့်ပတ်သက်၍ နိုင်ငံတကာကလည်း ပွင့်လင်းမြင်သာမှုရှိကြောင်းနှင့် Fair communication ဖြစ်တယ်လို့ အသိအမှတ်ပြုခြင်းခံနေရပါတယ်။ အကယ်၍ ကြိုတင်သတ်မှတ်ထားတဲ့အတိုင်း မဆောင်ရွက်နိုင်ဘူးဆိုလို့ရှိရင် ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းသာမက အခြားသောလုပ်ငန်း များအတွက်ပါ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပြုရန်အတွက် ယုံကြည်မှုလျော့နည်း သွားနိုင်ကြောင့်

မြန်မာနိုင်ငံရဲ့ နိုင်ငံတော်ရဲ့ Image ကျသွားနိုင်ကြောင်းသုံးသပ်ရရှိပါတယ်။ ယခု တင်ဒါအောင်မြင်သွားမယ့်အဖွဲ့အစည်းများအနေနဲ့လည်း ချက်ချင်းလုပ်ငန်းဆောင်ရွက်လို့ မရသေးပါဘူး။ သူတို့အောင်မြင်သွားတဲ့အနေအထားပဲဖြစ်ပါတယ်။ အောင်မြင်သွားတဲ့ ၂ ခုဟာ ကျွန်တော်တို့နိုင်ငံမှာလာပြီးတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံမှ ပြဋ္ဌာန်းထားတဲ့ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ အတိုင်း ဒီမှာမှတ်ပုံတင်ဆောင်ရွက်ရပါမယ်။ အော်ပရေတာလုပ်ဖို့အတွက် လိုင်စင်ယူရပါမယ်။ ကျွန်တော်တို့နဲ့စာချုပ်ချုပ်ရပါမယ်။ ဒီလိုချုပ်တဲ့အခါမှာလည်း နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ဆက်သွယ်ရေးဥပဒေအတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အခု တင်ဒါလျှောက်တဲ့အခါမှာလည်း ကျွန်တော်တို့ဆက်သွယ်ရေးဥပဒေသည် လွှတ်တော်မှာဆွေးနွေးနေတဲ့ အဆင့်ဆိုတာကိုလည်း သူတို့အားလုံးသိရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ကလည်း တင်ဒါ Process ရမယ့်အချိန်၊ အဲဒီပြီးမယ့်အချိန်၊ ဥပဒေထွက်လာမယ့်အချိန် အစသဖြင့် မျှော်မှန်းပြီးတော့ တင်ဒါအောင်မြင်ပြီး ၃ လခန့်အချိန်ယူပြီးဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ ညှိနှိုင်းထားပြီး လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ထွက်လာတဲ့ဥပဒေပေါ် မူတည်ပြီးတော့ အဲဒီဥပဒေအတိုင်းပဲ လုပ်နိုင်ဖို့ ကျွန်တော်တို့ စာချုပ်ချုပ်ဆိုဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ မေးထားတာနှင့်ပတ်သက်၍ သူတို့ဥပဒေအတိုင်း မလုပ်လို့မရပါဘူး။ အသစ်ပြဋ္ဌာန်းမယ့်ဥပဒေအတိုင်းပဲလုပ်ရမှာဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ စာချုပ်တဲ့အခါမှာ အဲဒီအတိုင်းပဲလုပ်မှာဖြစ်ပါတယ်။ နောက်တစ်ခါ ဖက်စပ်လုပ်ငန်းနှင့်ပတ်သက်လို့လည်း ကျွန်တော် အထက်မှာတင်ပြသွားတဲ့အတိုင်းပဲ ပြည်တွင်းက အဖွဲ့အစည်းအားလုံးပါဝင်နိုင်အောင်အတွက် နိုင်ငံတော်အစိုးရအဖွဲ့အနေနဲ့လည်း ကျွန်တော်တို့ အင်မတန်မှစိတ်အားထက်သန်လျက်ရှိပါတယ်။ အထူးသဖြင့် စီးပွားရေးအဖွဲ့အစည်း အကြီးအလတ်အငယ် အားလုံးပါနိုင်သမျှ ပါနိုင်အောင်လည်း ကျွန်တော်တို့စီမံဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း ဧပြီလ ၂၉ ရက်နေ့မှာ စီးပွားရေးလုပ်ငန်းရှင်တွေ အထူးသဖြင့် မြန်မာ့ဆက်သွယ်ရေးနှင့် ယခင်ကတည်းက လုပ်နေတဲ့လုပ်ငန်းရှင်တွေအားလုံးကို ခေါ်တွေ့ပြီးတဲ့အခါမှာ နောင်ရှေ့ဆက်သွားရမယ့် လုပ်ငန်းစဉ် နှင့်ပတ်သက်၍ ကျွန်တော်ကိုယ်တိုင် အကြမ်းဖျင်းရှင်းပြပြီးဖြစ်ပါတယ်။ အဲဒီထဲမှာ ဘယ်လိုပါဝင်လာမလဲ။ ဘယ်လိုပုံစံနဲ့ပါဝင်နေလဲ။ ပါဝင်နေတဲ့ပုံစံတွေပါ။ သူတို့ရဲ့ဆန္ဒကိုမေးပြီးတော့ သူတို့နဲ့ တိုင်ပင်ပြီးဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ ဆွေးနွေးထားပြီးသားဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ယခု တင်ဒါအောင်မြင်သည့်အော်ပရေတာဆိုတာ တင်ဒါအောင်မြင်တဲ့အဆင့်တွေ ဖြစ်ပါတယ်။ နိုင်ငံတကာရဲ့ ကျင့်စဉ်များ

နှင့်အညီ နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာ၊ နိုင်ငံတော်ရဲ့ Image၊ ပြည်သူလူထုရဲ့အကျိုး မထိခိုက်စေဖို့ အတွက် ဒီသတ်မှတ်ကြေညာထားပြီးဖြစ်တဲ့အတိုင်း ကတိကိုပယ်ဖျက်ဖို့ ကျွန်တော်တို့အနေနဲ့ အခက်အခဲရှိပါကြောင်းနှင့် ကျွန်တော်တို့ပြည်တွင်းက လုပ်ငန်းရှင်တွေအားလုံး ပါဝင်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ အလေးအနက်ထား စဉ်းစားပြီးတော့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအဖွင့်မှာ မှာကြားတဲ့အတိုင်းပဲ နိုင်ငံတော်တိုးတက်ဖို့အတွက်မှာ ကျွန်တော်တို့ ပြည်တွင်းမှာရှိတဲ့အားလုံး Co-Operation ကောင်းကောင်းနဲ့လုပ်မယ်ဆိုရင် အောင်မြင်မယ်လို့လည်း ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့ လိုအပ်ချက်များရှိရင်လည်း အချိန်မရွေးကျွန်တော်တို့ကို အကြံပြုလို့ရပါတယ်။ နိုင်ငံတော်တိုးတက်ဖို့အတွက် ကျွန်တော်တို့ အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးမှ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများ ရွေးချယ်တာဝန်ပေးအပ်ရာတွင် ပြည်တွင်းပြည်ပ ဖက်စပ်ကုမ္ပဏီများအဖြစ် သတ်မှတ်ရွေးချယ်တာဝန်ပေးအပ်ရန်နှင့် ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းများအတွက် ကုမ္ပဏီများရွေးချယ်တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်းပြီး အသေးစိတ်ရှင်းလင်းတင်ပြသွားပါတယ်။ ဒီအတိုင်းပဲ မိမိတို့ အစိုးရအနေနဲ့ မိမိတို့ ဝန်ကြီးဌာနနဲ့ဆောင်ရွက်ရမယ့်ကိစ္စများ ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာလည်း ကြားသိရပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးရဲ့ ရှင်းလင်းချက်ထားရှိမှုများကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိ စောင့်ကြည့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုဝန်ကြီးရဲ့ ရှင်းလင်းတင်ပြချက်ကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိ စောင့်ကြည့်ဆောင်ရွက်သွားမည်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စနှင့်ပတ်သက်လို့ ကျွန်တော့်အား အကြံပြုဆွေးနွေးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဆက်သွယ်ရေးကိစ္စများနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော့်အနေနဲ့ ကျွမ်းကျင်မှုမရှိပါဘူး။ လေ့လာမှုအားလည်းနည်းပါတယ်။ ဒါပေမယ့် ဒီကိစ္စဟာ မနေ့ကမှ အရေးကြီးအဆိုတင်သွင်းလာပြီးတော့ ယနေ့ပြည်ထောင်စုဝန်ကြီးက လာရောက်ရှင်းပြလို့ သိခဲ့ရပါတယ်။ ယခုအခါမှာ ကျွန်တော်တို့တွေဟာ တင်ဒါစည်းကမ်းလည်း မသိရပါဘူး။ တင်ဒါကို အများမြင်သာအောင် ဘယ်လိုပုံစံနှင့်ခေါ်သလဲဆိုတာလည်း မသိရပါဘူး။ တင်ဒါခေါ်တဲ့ကုမ္ပဏီတွေရဲ့ အကြောင်းကိုလည်း လေ့လာသိရှိခွင့်မရခဲ့ပါဘူး။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံ

အရ အလွန်ပွင့်လင်းမြင်သာမှုရှိဖို့ လိုအပ်ပါတယ်။ ပွင့်လင်းမြင်သာမှုဟာ ရာနှုန်းပြည့်ရှိရန် လိုအပ်ပါတယ်။ ပွင့်လင်းမြင်သာမှုမရှိရင် တစ်ဖက်မှာလည်း ပြည်သူလူထုရဲ့ ယုံကြည်မှုရှိနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ အလွန်သိမ်မွေ့တဲ့ကိစ္စဖြစ်တဲ့အတွက် ဒီကိစ္စကို အလေးအနက်ထားပြီးတော့ စဉ်းစားပေးဖို့ အထူးလိုအပ်ကြောင်းတင်ပြအပ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာဥပဒေတွေနဲ့ ကိုက်ညီလားဆိုတာကို အဓိကထားစဉ်းစားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ယခု ကိုယ်စားလှယ်တစ်ဦးရဲ့တင်ပြချက်ကို ရှင်းလင်းပေးရန်ရှိက ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးမြတ်ဟိန်း(ပြည်ထောင်စုဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်သဘောပေါက်တာကတော့ ဒါဥပဒေနှင့်အညီဆောင်ရွက်ခြင်းရှိ/မရှိ မေးတယ်လို့ သဘောပေါက်ပါတယ်။ ကျွန်တော်တင်ပြတဲ့အခါမှာလည်း ပါပြီး ဖြစ်ပါတယ်။ အလားတူ တင်ပြတဲ့အထဲမှာ ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ၁၃-၅-၂၀၁၃ ရက်စွဲနှင့် နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ပြီးတော့ ဒီကိစ္စနှင့်ပတ်သက်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ/မရှိ ဆိုတဲ့ သဝဏ်လွှာပေးပို့ထားတာ ဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်လို့လည်း နိုင်ငံတော်သမ္မတကနေပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ၂၀၁၃ ခုနှစ်၊ မေလ ၂၇ ရက်နေ့က သဝဏ်လွှာလည်း ပြန်လည်ပေးပို့ပြီး ဖြစ်ပါတယ်။ ဒီမှာလည်းပဲ ပါရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆက်သွယ်ရေးနှင့်ဆိုင်တဲ့ ဥပဒေ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၉၀ လောက်က ထုတ်ထား တဲ့ဥပဒေပဲရှိပါတယ်။ ဒါခေတ်နှင့်မလျော်ညီတဲ့အတွက် အားလုံးဒါကိုပြန်လည်ပြင်ဆင်ရေးဆွဲပြီးတော့ လွှတ်တော်ကိုတင်ပြထားပြီးဖြစ်ပါတယ်။ အခု ကျွန်တော်တို့ နိုင်ငံတကာ အော်ပရေတာခေါ်တဲ့ကိစ္စမှာ ကျွန်တော်တို့ရဲ့တည်ဆဲဥပဒေဖြစ်တဲ့ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃ နှင့် ၄ မှာ ဖော်ပြထားတဲ့အတိုင်း ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေနှင့်ညီညွတ်တယ်ဆိုတာကို တင်ပြလိုပါတယ်။ ခုန ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍လည်း အခုအချိန်မှာ တတ်နိုင်သမျှ ပွင့်ပွင့်လင်းလင်းနဲ့ လုပ်ခဲ့သမျှကို အားလုံးသိအောင် ရှင်းလင်းတင်ပြပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အခု အော်ပရေတာခေါ်တဲ့ကိစ္စမှာလည်း ကျွန်တော်တို့အနေနဲ့ ဝင်ရောက်စွက်ဖက်ခြင်းလုံးဝမရှိပါဘူး။ လုပ်လို့လည်းပဲ သူတို့လည်း လက်မခံပါဘူး။ သူတို့ Consultant အဖွဲ့ကလည်း သတ်မှတ်ထားတဲ့ Criteria ထဲကနေ သတ်မှတ်တဲ့

အချက်အလက်တွေအားလုံးနဲ့ မေးခွန်းတွေ အများကြီးမေးတဲ့ အော်ပရေတာတွေက ပြန်လာတယ်။ သူတို့ဟာသူတို့ ဒါနှင့်ပတ်သက်ပြီးရှင်းစေချင်တယ်။ သူတို့ ရွေးချယ်မှုအားလုံးကိုလည်း ကြေညာပါတယ်။ ဒီမှာ လေ့လာတွေ့ရှိရတာကတော့ အဆင့်ဆင့် ရွေးချယ်တဲ့အခါမှာ ရွေးချယ်ခြင်းမခံရတဲ့ ကုမ္ပဏီတွေက တရားဝင်ကန့်ကွက်မှုပါ။ ကန့်ကွက်မှုမှာလည်း သူတို့အနေနဲ့ သူတို့ရဲ့လုပ်ထုံးလုပ်နည်းအတိုင်း၊ ဥပဒေအတိုင်း၊ သူ့ရဲ့ဆောင်ရွက်ချက်အတိုင်း ဘယ်လို ဆောင်ရွက်တယ်ဆိုတာ သူတို့ကလည်း အထောက်အထားတွေနဲ့ ပြန်လည်ရှင်းပြပါတယ်။ ဒီအခါမှာ နှစ်ဦးနှစ်ဖက် ပြဿနာဘာမှမရှိတဲ့ အနေအထားလေ့လာတွေ့ရှိရပါတယ်။ ဆိုလိုတဲ့သဘောကတော့ ဒီဟာနှင့်ပတ်သက်ရင်လည်း ဝန်ကြီးဌာနအနေနဲ့ ဝင်ရောက်စွက်ဖက်ခြင်းလည်းမရှိဘူး။ သူတို့ဟာ သူတို့ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ပေးထားတာ ဖြစ်ပါတယ်။ သတ်မှတ်ချက်အတိုင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်လျက်ရှိတာကို ရှင်းလင်းတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကို အနည်းငယ်ရှင်းလင်းခွင့်ပြုပါ။ ယခု ဆက်သွယ်ရေးဝန်ကြီးတင်ပြခဲ့တဲ့အတိုင်းဆိုရင် ဥပဒေလုပ်ထုံးလုပ်နည်းအရ တည်ဆဲဥပဒက ဆောင်ရွက်ခဲ့ကြောင်း၊ တင်ဒါခေါ်တဲ့အခါမှာလည်း ယမန်နှစ်ကတည်းက စခေါ်ပြီးတော့ အလုပ်အကိုင်လုပ်ကိုင်တဲ့အခါမှာလည်း ဇန်နဝါရီလ ၁၃ ရက်ထဲကနေပြီးတော့ အဖွဲ့အစည်းနဲ့လုပ်ကိုင်တဲ့အကြောင်းကို တင်ပြခဲ့တာ Transparent ဖြစ်ပါတယ်။ နောက်တစ်ခုက Open Tender ခေါ်ပြီးတော့ ၂၇ ရက်နေ့ တင်ဒါဖွင့်မယ်ဆိုတာကို သိသည့်အတွက် ၂၆ ရက်နေ့မှာ အရေးကြီးအဆိုတင်တယ်ဆိုတာကိုကလည်း ပြန်စဉ်းစားကြည့်မယ်ဆိုရင် မရိုးဖြောင့်တဲ့သဘောဖြင့် မိမိနှင့်ပတ်သက်တဲ့ ကုမ္ပဏီအဖွဲ့အစည်းမရကြောင်းသိလို့များ ဒီလိုအရေးကြီးအဆိုတင်သွင်းတာလားလို့ ကျွန်မက ယူဆပါတယ်။ နောက်တစ်ခု သမ္မတရဲ့ကိုယ်စား ဒီဆက်သွယ်ရေးဝန်ကြီးက အလုပ်လုပ်ခြင်းဟာ ဥပဒေအရ Transparent ဖြစ်ပြီးတော့လုပ်တာ။ နောက်ပြီးတော့ အမျိုးသားအကျိုးစီးပွားကိုရည်ရွယ်ပြီးတော့ လုပ်တယ်ဆိုတာကို မြင်သာပါတယ်။ ဝန်ကြီးအနေနဲ့ ၂၇ ရက်နေ့မှာ တင်ဒါဖွင့်မယ်ဆိုတဲ့ အစီအစဉ်ပြန်ဖွင့်ဖို့ ကောင်းပါတယ်ဆိုတဲ့အကြောင်းကို ပြောချင်ပါတယ်။ နောက်တစ်ခုက တိုင်းပြည်ရဲ့ Image FDI ထပ်လာပြီး အကြောင်းတွေလည်း အဟန့်အတား မဖြစ်စေချင်ပါဘူး။ အခု လာတော့မယ်ရှေ့ Sea Games မှာလည်း ဆက်သွယ်ရေး Communicate က အလွန်အရေးကြီးပါတယ်။ တိုင်းပြည်ရဲ့ ရေရှည်အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွား နောက်ပြီးတော့

ပြောတာ ရိုင်းသွားရင်ခွင့်လွှတ်ပါ။ တိုင်းပြည်အရှက်ကွဲမယ့် ကိစ္စကို ကယ်တင်ဖို့အတွက် ၂၇ ရက်နေ့ ကို မူလအတိုင်း တင်ဒါဖွင့်သင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဆွေ ဖြစ်ပါတယ်။ ပို့ဆောင်ဆက်သွယ်ရေးဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ လည်း ဖြစ်ပါတယ်။ မနေ့က တင်ပြတဲ့ကိစ္စမှာ ကျွန်တော်တို့ ကော်မတီအနေနဲ့ အပြန်ပြန်အလှန်လှန် စဉ်းစားပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ချက်များကိုလည်း မြင်သာထင်သာရှိ အောင် ပြည်သူနှင့် နိုင်ငံသားများအတွက်၊ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက်လည်း အကျိုးရှိအောင် ရည်ရွယ်ပြီးတော့ တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်တဲ့လုပ်ငန်းများ ကို ရပ်တန့်သွားအောင်၊ ဆိုင်းငံ့သွားအောင် ရည်ရွယ်ချက်နဲ့ တင်ပြခဲ့ခြင်းလည်း မဟုတ်ပါဘူး။ ဒီနေ့တစ်ခါပြန်ပြီးတော့မှ ပြည်ထောင်စုဝန်ကြီးရဲ့ ရှင်းလင်းတင်ပြချက်အရ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ကြောင်း၊ အဆင့်ဆင့်နိုင်ငံတကာ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရှိပါတယ်။ ယခင်ကတည်းကလည်းပဲ ဆက်သွယ်ရေးနှင့် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များနဲ့ ကော်မတီတွေနဲ့ အကြိမ်ကြိမ်ဆွေးနွေးပြီးဖြစ်တဲ့အတွက် စတင်ဆောင်ရွက် စဉ်ကတည်းကပင် ပွင့်လင်းမြင်သာစွာနဲ့ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်းကိုလည်း သိရှိထားပြီး ဖြစ်ပါတယ်။ ဒီအတွက်လည်း ပဲ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်တဲ့ အများအပေါ်မှာ ကျွန်တော်တို့အနေနဲ့ သံသယမရှိခဲ့ ပါဘူး။ သို့ရာတွင် စိုးရိမ်ပူပန်မှုများကတော့ နောင်ထွက်လာမယ့် ဆက်သွယ်ရေး ဥပဒေနှင့် အခုဆောင်ရွက်တဲ့လုပ်ငန်းများဟာ In line မဖြစ်မှာကို စိုးရိမ်တဲ့အတွက် ဒါဆွေးနွေးခြင်း ဖြစ်ပါတယ်။ အခုအခါမှာတော့ ပြည်ထောင်စုဝန်ကြီးရဲ့ တင်ပြချက်အရ လွှတ်တော်ဥက္ကဋ္ဌကြီးအပါအဝင် ကျွန်တော်တို့အနေနဲ့ သိရှိတာကတော့ ဆောင်ရွက်မယ့်ကုမ္ပဏီများသည် နောင်ဖြစ်ပေါ်လာမယ့် ထွက်ပေါ်လာမယ့် ဆက်သွယ်ရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်သွားပါမယ်လို့ ဖော်ပြထားတဲ့ အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆောင်ရွက်ချက်များသည် ပြည့်စုံတယ်လို့ ယူဆလို့ရပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထူးတင်ပြလိုတာကတော့ ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီးများ ဆွေးနွေးခဲ့သလိုပဲ နိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့က ဆက်လက် ဆောင်ရွက်နေတဲ့ လုပ်ငန်းများအပေါ်မှာလည်း ဆက်လက်ဆောင်ရွက်သွားစေလိုတဲ့ ဆန္ဒရှိပါတယ်။ နိုင်ငံတော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အတွက် Image ကျဆင်းစေမယ့်ကိစ္စများလည်း မဖြစ်စေချင် ပါဘူး။ နောင် ဆက်လက်ဆောင်ရွက်တဲ့လုပ်ငန်းများမှာလည်း ကျွန်တော်တို့ တင်ပြထားတဲ့ အရေးကြီး

အဆိုမှာပါတဲ့အတိုင်း နိုင်ငံနှင့်နိုင်ငံသားများ အကျိုးအတွက်သော်လည်းကောင်း၊ ဥပဒေများနှင့်ညီတဲ့ ကိစ္စများဖြစ်တယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်များဘက်က လက်ခံနိုင်ပါကြောင်းနှင့် ပြည်ထောင်စု ဝန်ကြီးရဲ့ အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပေးဖို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သဘောတူသင့်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အလေးအနက် တင်ပြဆွေးနွေးလိုပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အားလုံး ကြားသိတဲ့အတိုင်း ပြည်ထောင်စုဝန်ကြီးရှင်းပြတဲ့နေရာမှာ မသိခဲ့တာတွေ၊ မရှင်းလင်းခဲ့တာတွေ ပိုပြီးတော့ သိရှိရှင်းလင်းခဲ့ပါတယ်။ ဒီနေရာမှာ တင်ပြချက်မှာ ၃ ကြိမ် ပါပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့တယ်ဆိုတဲ့ကိစ္စနှင့် ပတ်သက်ပြီးတော့ မှန်ပါတယ်။ ဒီလိုနိုင်ငံတော်သမ္မဆီကို သဝဏ်လွှာပေးပို့ရတဲ့အကြောင်းအရင်းက လည်းရှိပါတယ်။ ဒါဘာလဲဆိုတော့ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ကော်မတီအနေနဲ့ လွှတ်တော်ဥက္ကဋ္ဌထံ စာရေးတင်ပြပါတယ်။ စာရေးတင်ပြတဲ့အကြောင်းကတော့ အခု အစိုးရအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဒီကိစ္စတွေကို ဒီလိုလုပ်မယ်ဆိုတာသိရပါတယ်။ စေတနာကောင်းပါတယ်။ ရည်ရွယ်ချက်ကောင်းပါတယ်။ သို့ရာတွင် လောလောဆယ်လွှတ်တော် အတွင်းမှာ ဥပဒေပြဋ္ဌာန်းနေတဲ့အချိန်ကာလဖြစ်တဲ့အတွက် ဒီလိုဆောင်ရွက်မယ်ဆိုရင် ဥပဒေပြဋ္ဌာန်း ပြီးမှ ဆောင်ရွက်ရင်ပိုပြီးတော့ သင့်မြတ်ပါတယ်လို့ ဒီလိုပေးပို့ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ မိမိက သမ္မတကြီးဆီကို သဝဏ်လွှာပေးပို့ခဲ့ပါတယ်။ သမ္မတကြီးဆီက သဝဏ်လွှာလည်း ပြန်လာပါတယ်။ မိမိပေးပို့တုန်းကတော့ ဒီလို ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ သုံးသပ်ဆောင်ရွက်နိုင်ပါရန်ဆိုတဲ့ အနေအထားနဲ့ ပေးပို့လိုက်ခြင်း ဖြစ်ပါတယ်။ သမ္မတကြီးဆီက ပြန်လာတဲ့အခါမှာ ခုနက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ရှင်းပြတဲ့ အချက်တချို့ပါပါတယ်။ တချို့လည်း ဒီလောက်မပြည့်စုံပါဘူး။ အဲ့ဒီ သမ္မတကြီးဆီက သဝဏ်လွှာကလည်း လွှတ်တော်ရပ်နားထားတဲ့ကာလဖြစ်တဲ့အတွက် လွှတ်တော်ကို ပြန်ပြီးတော့ ရှင်းလင်းတင်ပြနိုင်တဲ့ အခွင့်အလမ်းလည်း ဥက္ကဋ္ဌမှာမရှိပါဘူး။ အခု လွှတ်တော် ကျင်းပတဲ့ ပထမရက်၊ ဒုတိယရက်မှာ ဒီလိုအရေးကြီးအဆိုအဖြစ် တင်ပြလာခြင်း ဖြစ်ပါတယ်။ တင်ပြတာလည်း ခုနက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေနဲ့ မဟုတ်ဘဲ တာဝန်ရှိတဲ့ ကော်မတီတွေကနေ တင်ပြခြင်း ဖြစ်ပါတယ်။ တာဝန်ရှိတဲ့ကော်မတီဆိုတာ မနေ့က လွှတ်တော်ကော်မတီများအစည်းအဝေးမှာလည်း ထပ်မံပြီးတော့ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများကို တင်ပြခဲ့ပါတယ်။ ကော်မတီများက လွှတ်တော်ကြီးထဲက လွှတ်တော်ငယ်များဖြစ်တယ်။ ဒါကြောင့်မို့လို့ ကော်မတီများ တာဝန်ယူရ

မယ့် ဥပဒေများ၊ ဒီဥပဒေများ ပြဋ္ဌာန်းနိုင်ဖို့အတွက် ကော်မတီများမှာ အဓိကတာဝန်ရှိပါတယ်။ အဲ့ဒီနည်းတူပဲ ပြဋ္ဌာန်းလိုက်တဲ့ဥပဒေအတိုင်း သက်ဆိုင်ရာစီမံခန့်ခွဲတဲ့ဌာန၊ ပြီးတဲ့အခါလိုက်နာမယ့် ပုဂ္ဂိုလ်များကလည်း လိုက်နာနိုင်ဖို့ ဒီကော်မတီများဟာ ကြီးကြပ်ဖို့ တာဝန်ရှိပါတယ်။ Over See လုပ်ဖို့ တာဝန်ရှိပါတယ်။ ဒီလို ကျွန်တော်တို့ ထပ်မံဆွေးနွေးခဲ့ပါတယ်။ ဒီလိုဆွေးနွေးခြင်းဟာလည်း ကျွန်တော် နိုင်ငံတကာလွှတ်တော်များ၊ ပါလီမန်များအပေါ် လေ့လာပြီးတော့ လေ့လာတွေ့ရှိချက်များကို မနေ့ကတင်ပြရင်းနဲ့ ဒီအကြောင်းလေး ပြောပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာကော်မတီများ အနေနဲ့ မိမိတို့ တာဝန်ယူရမယ့် ဥပဒေများ သို့တည်းမဟုတ် သက်ဆိုင်ရာ Related ဌာနများ၊ Deperment များ၊ ပြည်ထောင်စုအဖွဲ့အစည်းများအတွက် ဥပဒေပြုရေးမှာ အဓိကတာဝန်ရှိပါတယ်။ လွှတ်တော်သည် ဥပဒေပြုတဲ့လုပ်ငန်း အဓိက ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ပြုလိုက်တဲ့ဥပဒေ အတိုင်း အခုဆိုကြပါစို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အခုတော့ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနကနေ ဒီအတိုင်းမလုပ်မိဘူးဆိုရင်၊ မလုပ်ခဲ့ဘူးဆိုရင် သို့သော် လုပ်ပြီးမှနောက်ထွက်လာတဲ့ ဥပဒေနဲ့ အခုလုပ်ဆောင်ချက်တွေဟာ မညီညွတ်ဘူးဆိုလို့ရှိရင် တိုင်းပြည် အတွက်၊ နိုင်ငံအတွက်၊ လွှတ်တော်အတွက် အခက်အခဲတွေ ဖြစ်လာနိုင်တယ်ဆိုတဲ့ အယူအဆနှင့် တင်ပြခြင်းပဲ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ် ခုနက နာမည်လည်းသိပါတယ်။ ဒေါ်တင်နွယ်ဦး ပြောလိုက်တာရှိပါတယ်။ ဒီတင်ဒါမှာ မအောင်မြင်လို့ အဲ့ဒီကုမ္ပဏီတစ်ခုရဲ့ လိုလားချက်နဲ့ ကော်မတီက တင်လိုက်တယ်ဆိုတဲ့ ဝေဖန်သုံးသပ်မှုကတော့ မဟုတ်ကြောင်း လွှတ်တော် ဥက္ကဋ္ဌအနေနဲ့ သက်ဆိုင်ရာကော်မတီကိုယ်စား ဒီလိုပဲပြောရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ။ ကျွန်တော်တို့ လွှတ်တော်ဟာ နိုင်ငံနှင့်နိုင်ငံသားအကျိုးစီးပွားအတွက် ဖြစ်ထွန်းစေသော ဥပဒေများ ကိုပါ ပြဋ္ဌာန်းပေးမှာ ဖြစ်ပါတယ်။ အခု ပြည်ထောင်စုအစိုးရကလည်း နိုင်ငံတော်နှင့် နိုင်ငံသားအကျိုး စီးပွားအတွက်ပဲ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဲဒီဆောင်ရွက်မှုဟာ ဟန်ချက်ညီဖို့ လိုပါတယ်။ ဥပဒေကတစ်မျိုး၊ ဆောင်ရွက်ချက်က တစ်မျိုးဖြစ်လာလို့ရှိရင် ကျွန်တော်တို့ နိုင်ငံဟာ တာဝန်သိတဲ့ နိုင်ငံတစ်ခုမဟုတ်ဘူးဆိုတာကို နိုင်ငံတကာက ဒီလိုဆောင်ရွက်သွားမယ့် အနေအထားမျိုးတွေ မဖြစ်စေလိုပါဘူး။ ဖြစ်ခဲ့တဲ့သာဓကတွေလည်း ရှိပါတယ်။ အဲဒါတွေကို လွှတ်ကင်းအောင် ကော်မတီ တွေအနေနဲ့ စဉ်းစားသုံးသပ်ပြီးတော့ ကောင်းသောအမြင်၊ ကောင်းသောအကြံပြုချက်နဲ့ တင်ပြခြင်း ဖြစ်ပါတယ်။ ဒီဟာသည် လွှတ်တော်ရဲ့ဥပဒေပြုရေးတာဝန်၊ လွှတ်တော်ရဲ့ အပြန်အလှန်ထိန်းကျောင်း ရေးတာဝန် ဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်

နည်းပညာဝန်ကြီးဌာနမှ ကိုင်တွယ်ကျင့်သုံးနေရတဲ့ တယ်လီဖုန်းအော်ပရေတာကိစ္စ အင်မတန်မှ အရေးကြီးပါတယ်။ ကမ္ဘာမှာ ဒီတယ်လီဖုန်းပြောဆိုမှု ဆောင်ရွက်တဲ့ အော်ပရေတာများဟာ ဝင်ငွေ အကောင်းဆုံး၊ အမြတ်ဆုံးသောကိစ္စများ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံမဟုတ်ပါဘူး။ ကမ္ဘာနဲ့ယှဉ်ပြီးတော့ ကြည့်ပါ။ ဒီနေ့ ဘီလီယံနာတွေ၊ ဘီလီယံနာတွေဖြစ်နေတဲ့ဆိုတာတွေလည်း ဒီဆက်သွယ်ရေး လုပ်ငန်းနဲ့ သက်ဆိုင်တဲ့သူများပဲ ဖြစ်ပါတယ်။ အဲဒီတော့ မိမိတို့နိုင်ငံပြန်သုံးသပ်မယ်ဆိုလို့ရှိရင် မိမိတို့နိုင်ငံမှာ ပြီးခဲ့တဲ့ အတိတ်ကာလက ဆက်သွယ်ရေးလုပ်ငန်းကို သူ့နည်းသူ့ဟန်နဲ့ ထူထောင်ရတဲ့အနေအထား ရှိပါတယ်။ ပိတ်ဆို့အရေးယူထားတဲ့အတွက် မိမိတို့နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမယ့်သူများ အကူအညီပေးမှုများလည်း မရှိသလောက်ဖြစ်ခဲ့ ပါတယ်။ အဲဒီအချိန်မှာ သက်ဆိုင်ရာဆက်သွယ်ရေး ဝန်ကြီးဌာနအနေနဲ့ ကိုယ့်အားကိုယ်ကိုးပြီးတဲ့အခါမှာသင့်တဲ့နည်းနဲ့ အခုလို ထူထောင်ခဲ့တဲ့ အနေအထားလည်းဖြစ်ပါတယ်။ အဲဒီဟာလည်းကောင်းခြင်း၊ မကောင်းခြင်းထားတော်ခြင်း၊ မတော် ခြင်းထား ဝန်ကြီးဌာနတစ်ခုရဲ့ အစီအစဉ်မဟုတ်ဘဲနဲ့ သက်ဆိုင်ရာအစိုးရရဲ့ ခွင့်ပြုချက်အသိအမှတ်ပြု နဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတုန်းကလည်း မိမိအစိုးရအဖွဲ့မှာမပါဘူး။ သို့ရာတွင် နယက အဖွဲ့မှာပါတဲ့ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ကြည့်တဲ့အခါမှာ ဒီဆက်သွယ်ရေးကရတဲ့ ငွေကြေး မြောက်မြားစွာ ကိန်းဂဏန်းတော့ မမှတ်မိပါဘူး။ ဘီလီယံချီပါတယ်။ ဘီလီယံက ရာဂဏန်းမက နှစ်စဉ်၊ နှစ်စဉ်ရရှိခဲ့ပါတယ်။ အဲဒါတွေနဲ့ပဲ ပြည်သူ့အကျိုးဖြစ်ထွန်းအောင်လည်း ဆောင်ရွက်နိုင်ခဲ့ တာလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလိုဆိုရင် ကော်မတီနဲ့ စဉ်းစားတာက ဒီလုပ်ငန်းများကို မိမိတို့တိုင်းပြည်က လုပ်နိုင်ရင်ကောင်းတယ်။ သို့ရာတွင် မလုပ်နိုင်ဘူးဆိုလည်း သူများနဲ့ပူးတွဲ လုပ်ရ မယ်။ လုပ်ရတဲ့အခါမှာ ရင်းနှီးမြှုပ်နှံမှု မနေ့က ဆွေးနွေးတဲ့အထဲမှာပါတယ်။ မိမိတို့ရဲ့ အော်ပရေတာ တွေ ပြည်တွင်းက အော်ပရေတာတွေ ပေးမယ်ဆိုလို့ရှိရင် မိမိတို့နိုင်ငံမှာ အဲဒီအော်ပရေတာတွေရဲ့ အခက်အခဲ ဖြစ်နိုင်တယ်။ (၁) ရင်းနှီးမြှုပ်နှံမှု ငွေရေးကြေးရေး၊ (၂) နည်းပညာ၊ (၃) ခုနက ပြောတဲ့ လူသားအရင်းအမြစ် ဒီဟာတွေ မိမိနိုင်ငံမှာ မရှိတဲ့အတွက် မိမိကုမ္ပဏီများဟာ ယှဉ်ပြိုင်လာမယ့် ကုမ္ပဏီများနဲ့ ယှဉ်ပြိုင်မယ်ဆိုရင် တဖြည်းဖြည်းဝါးမျိုခြင်းခံရမယ်ဆိုတာ မနေ့က တင်ပြတဲ့အထဲမှာ ပါပါတယ်။ ဘာကြောင့်လဲ ရင်းနှီးမြှုပ်နှံမှု မယှဉ်ပြိုင်နိုင်ဘူး။ နိုင်ငံခြားကုမ္ပဏီဝင်လာတဲ့အခါကိုတော့ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေရေးကြေးရေး backing ပေးနိုင်တယ်။ Finance။ နောက်တစ်ခု နိုင်ငံခြား ကုမ္ပဏီတွေမှာ အတွေ့အကြုံရှိတယ်။ ပြီးတဲ့အခါကျလို့ရှိရင်သူဆီမှာ နည်းပညာတွေ ပြည့်စုံတယ်။ ပြီးလို့ရှိရင် ခုနက Human Resource, Human Capital လည်း သူတို့မှာ ပြည့်စုံတယ်။ မိမိတို့မှာ

ကျန်ခဲ့တဲ့ ခုနက ဆွေးနွေးသွားတဲ့ ရတနာပုံတယ်လီပို့ , MPT ( Myanmar Telecommunication) မှာသည်ပင်လျှင် ရင်းနှီးမြှုပ်နှံဖို့အတွက် ငွေဘယ်လောက်ရှိသလဲ။ ပြီးတဲ့ အခါမှာ ခုနက ရတနာပုံ တယ်လီပို့လို့ ပြောပါတယ်။ သူ့မှာကော ငွေဘယ်လောက်ရှိသလဲ ပြီးလို့ရှိရင် အဲဒီငွေတွေရော ခုနက အခြားတိုင်းပြည်က ဝင်လာတဲ့ကုမ္ပဏီများနဲ့ ယှဉ်ပြိုင်လို့ ရမှာလား။ တစ်ခါ နည်းပညာ၊ နည်းပညာနဲ့ ပတ်သက်လို့လည်း ဘယ်လောက်များ ကိုယ့်ဆီမှာရှိသလဲ။ အဲဒါပြီးတဲ့အခါမှာ နောက်တစ်ခါ Human Resource။ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ရှိကြတဲ့ MPT မြန်မာ့ဆက်သွယ်ရေးမှာရော နည်းပညာ ကျွမ်းကျင်တဲ့သူ ဘယ်လောက်ရှိသလဲ၊ အတွေ့အကြုံဘယ်လောက် ရှိသလဲ။ ဒါကြောင့်မို့လို့ စေတနာ ကောင်းတယ်။ ရည်ရွယ်ချက်ကောင်းတယ်။ အဲဒီလို မြန်မာနိုင်ငံက ကုမ္ပဏီကို သီးခြားထားမယ့်အစား ဝင်လာမယ့်ကုမ္ပဏီများနဲ့ ဖက်စပ်လုပ်။ လုပ်လို့ရှိလို့ရှိရင် ဒီကနေပြီးတော့ သေချာတဲ့ ရလာမယ့် အမြတ်အစွန်းတွေရှိတယ်။ အဲဒီတော့ နိုင်ငံခြားတိုင်းပြည်ကလည်းယူသွား။ မြန်မာနိုင်ငံကလည်း ယူထား။ ပြီးတဲ့အခါမှာ အဲဒီက နည်းပညာတွေလွှဲပြောင်း လူသားအရင်းအမြစ်ကိုလည်း ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်မယ်ဆိုရင် မြန်မာနိုင်ငံသား မြန်မာကုမ္ပဏီရော၊ မြန်မာဆက်သွယ်ရေးက ဆောင်ရွက်တဲ့သူများကော ဒီလိုပေါင်းစပ်ပြီး ဆောင်ရွက်မယ်ဆိုရင် ပိုပြီးအကျိုးရှိနိုင်ကြောင်း မနေ့က တင်ပြထားတာရှိပါတယ်။ အဲဒီအတိုင်းပဲ ပြီးခဲ့တဲ့ရက် အလွန်တစ်ရက်ကလည်း စက်မှုဇုန်နဲ့ ပတ်သက် ပြီးတော့ ဒီလွှတ်တော်ထဲမှာ ဒီဥပဒေကို ဆွေးနွေးတဲ့အခါမှာ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် အဆိုပြုချက် ၉၇ ချက် ရှိပါတယ်။ နောက်တစ်ခါ ပုဂ္ဂလိကလွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ ပြင်ဆင်ချက်အဆို ၆ ခုရှိပါတယ်။ အဲဒီ ၆ ခုထဲက ၅ ခု အဆင်ပြေသွားပြီ။ နောက်ဆုံးတစ်ခု ကျတဲ့အခါကျတော့ ဖက်စပ်ကိစ္စနဲ့ပတ်သက်ပြီးတော့ ဒီမှာ ဆွေးနွေးမှုဖြစ်တယ်။ ဖြစ်တဲ့အတွက် ဒီအထဲ မှာ တစ်ထိုင်တည်းဆွေးနွေးမယ်ဆိုလို့ရှိရင် မှားယွင်းပြီးဆုံးဖြတ်မိရင် မကောင်းဘူး။ ဒါကြောင့်မို့လို့ ပြန်လည်ဆွေးနွေးပါဆိုပြီးတော့ ဒီလိုပြောလိုက်တာရှိပါတယ်။ အဲဒီတော့ ဒီဟာသည်လည်း တစ်ဖက်က ခုနက ကောင်းမြတ်တဲ့စေတနာနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးစီးပွားအတွက် သက်ဆိုင်ရာကော်မတီ အနေနဲ့ ကော်မတီ Voice အနေနဲ့ တင်တယ်လို့ပဲ မိမိယူဆပါတယ်။ ဒါကြောင့်မို့လို့ ခုနက တင်ဒါ မအောင်လို့ တင်ဒါရှုံးတဲ့ကုမ္ပဏီတွေကနေ တင်ပြခိုင်းတယ်။ ပြီးတဲ့အခါမှာ တင်ဒါ ၂၇ ရက်နေ့ဖွင့်မယ်။ အဲဒါကြောင့်မို့လို့ ကပ်ပြီးတင်တယ်ဆိုတဲ့ဟာကတော့ မိမိလွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဒီလို လုပ်တယ်လို့မထင်ပါဘူး။ ပြောမယ်ဆိုလို့ရှိရင် ဒီနေ့ဝန်ကြီးရှင်းပြမှသာ လွှတ်တော်ကိုယ်စားလှယ် တွေအနေနဲ့ ဒီလောက် ရှင်းရှင်းလင်းလင်းသိသွားတာ ဖြစ်ပါတယ်။ ခုနက သမ္မတဆီက သဝဏ်လွှာ

ဆိုတဲ့နေရာမှာလည်း သဝဏ်လွှာရေးပို့တဲ့အခါမှာ မိမိတို့ဒီလောက်လည်း မရှင်းတတ်ပါဘူး။ ရှင်းပြဖို့လည်း လွှတ်တော်မှာ ကျွန်တော်တို့ အချိန်မရှိခဲ့ပါဘူး။ ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်တဲ့အတွက် ပြည်သူအတွင်းမှာ ဖြစ်ပေါ်နေတဲ့အသံများကို နားထောင်ပြီး သက်ဆိုင်ရာကော်မတီက ဆောင်ရွက်ချက်ပဲ ဖြစ်ပါတယ်။ ထပ်ပြီး ကျွန်တော် တင်ပြချင်ပါတယ်။ ဒီနေ့ ဆက်သွယ်ရေးဟာ ဒီလုပ်ငန်းကို လုပ်ကိုင်ခွင့်ရတယ်ဆိုရင် များစွာသောအကျိုးကျေးဇူးတွေရမယ်။ ဘယ်လောက်အထိ ရတယ်ဆိုတာကတော့ ကမ္ဘာနဲ့ယှဉ်ပြီး စဉ်းစားကြည့်ပါ။ အဲဒီလို ဆောင်ရွက်တဲ့ နေရာမှာ ဒီလိုအကျိုးအမြတ်ကို မိမိနိုင်ငံတော် သို့မဟုတ် မိမိတို့နိုင်ငံသားတွေ ခံစားခွင့်ရှိဖို့လည်း လိုပါတယ်။ အဲဒီလို လိုဖို့အတွက်လည်း တစ်ဖက်ကလာရောက်ရင်းနှီးမြှုပ်နှံဖို့လိုပါတယ်။ လိုတဲ့အခါ မှာ ဖြစ်နိုင်ရင် မနေ့ကတင်ပြချက်က မိမိတို့ ဒီကကုမ္ပဏီနဲ့ ဟိုဘက်ကကုမ္ပဏီနဲ့ ဖက်စပ် ဒီလို ဆောင်ရွက်မယ်ဆိုလို့ရှိရင် ပိုအဆင်ပြေနိုင်တယ်ဆိုတဲ့ ဒီလိုသဘောပေါက်ပါတယ်။ ဒါကြောင့်မို့လို့ ပြောမယ်ဆိုရင် ပြန်ချုပ်မယ်ဆိုရင် အဆိုရဝန်ကြီးဌာနရဲ့ဆောင်ရွက်ချက် စေတနာအင်မတန် ကောင်းမွန်ကြောင်းလည်း မနေ့က အဆိုတင်ပြတဲ့အခါမှာ ဒီလိုတင်ပြပါတယ်။ သို့ရာတွင် စဉ်းစား သင့်တဲ့အချက်က ဒါတွေဒါတွေပါဆိုတာကို တင်ပြသွားတာ ဖြစ်ပါတယ်။ ဒီနေ့ ဝန်ကြီးဌာနကျတဲ့ အခါကျတော့ အစိုးရ ဒီလိုလုပ်နေပါတယ်။ ဒါလောက်ပွင့်လင်းမြင်သာအောင်လုပ်နေပါတယ်။ အဲ့ဒီလို လုပ်တဲ့အခါမှာ သဝဏ်လွှာထဲမှာ မပါတဲ့အချက်တွေ အကြောင်းတွေ ကျွန်တော်တို့သိခွင့်ရတယ်။ ဒါက ကျွန်တော့် ဘက်က၊ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်တွေဘက်ကျတော့ ကျွန်တော် ထင်ပါ တယ်။ ဒီနေ့ ဝန်ကြီးရှင်းပြတာကို ဒီလောက်သိမယ့်လူ ရာခိုင်နှုန်းတွက်ကြည့် မသိပါဘူး။ ကျွန်တော်တို့ ခေတ်ရဲ့စနစ်က ဘာလဲဆိုရင် ပွင့်လင်းမှုရှိရမယ်၊ မြင်သာမှုရှိရမယ်။ ပွင့်လင်းမှုသည် Openness, မြင်သာမှုသည် Transparency။ ပြီးတဲ့အခါမှာ တာဝန်ယူနိုင်ရမယ်။ တာဝန်ခံနိုင်ရမယ်။ Responsibility and Accountability ဒီလို ဖြစ်ရမယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်မှာ ဒီလိုဖြစ်အောင် ကျွန်တော်တို့ တာဝန်ခံဆောင်ရွက်တယ်။ တာဝန်ခံဆောင်ရွက်တဲ့အခါမှာ မနေ့က တုန်းက သက်ဆိုင်ရာက အရေးကြီးအဆိုတစ်ခုတင်တယ်။ တင်တဲ့အခါမှာ ဒီအရေးကြီးအဆိုကို လက်ခံဖို့/လက်မခံဖို့ဟာ လွှတ်တော်ဥက္ကဋ္ဌမှာ တာဝန်ရှိတယ်။ ဒါကြောင့်မို့လို့ တာဝန်ယူတယ်။ တာဝန်ခံတယ်။ တာဝန်ခံပြီးတဲ့အခါမှာ လွှတ်တော်ထဲမှာ ဆွေးနွေးခွင့်ပေးတယ်။ ဒီနေ့လည်း ဒီအတိုင်းပဲ ခုနကဦးမောင်တိုး တင်ပြတယ်။ ဒီအဆိုကို အရေးကြီးအဆိုကို လက်ခံပေးတဲ့အတွက် လွှတ်တော် ဥက္ကဋ္ဌကို ကျေးဇူးတင်တယ်။ ဒီအဆိုကို လက်ခံဖို့ လက်မခံဖို့က လွှတ်တော်

ဥက္ကဌရဲ့အလုပ်။ ဒါသည် မိမိရဲ့တာဝန် မိမိလည်းပွင့်လင်းမြင်သာမှုရှိအောင် လုပ်ပေးရမယ့်တာဝန် ရှိတယ်။ ဒါကြောင့်မို့လို့ ခုနက ဆွေးနွေးတဲ့နေရာမှာ ဆွေးနွေးလို့ရတယ်။ သို့ရာတွင် သွေးကွဲစေသော အထင်မှားစေသော ကိစ္စများမဖြစ်အောင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း သတိထားဖို့ လိုပါတယ်။ သွေးကွဲစေသော၊ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသောကိစ္စများ မပြောဖို့ လိုပါတယ်။ ဒါကိုလည်း သတိထားဖို့လိုပါတယ်။ ပြီးရင် ဆက်သွယ်ရေးဘက် ကျွန်တော် အင်္ဂလိပ်လို နားမလည်ဘူး။ ကျွန်တော်တို့ အတွက်ရတဲ့ Frequency တွေ လိုင်းနှုန်းတွေ ရှိပါတယ်။ အင်မတန်မှ တန်ဖိုးရှိပါတယ်။ လောလောဆယ် ပြောမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ Natural Resources မှာ ဒီကောင်တန်ဖိုးရှိတယ်။ တန်ဖိုးရှိတာကို ကျွန်တော်တို့က စနစ်တကျသုံးသွားဖို့ လိုတယ်။ အဲဒီအတိုင်းပဲ ခုနက ဥပဒေနှင့်ပတ်သက်ပြီးတော့ ကြားလိုက်ပါတယ်။ ဘယ်ခုနှစ်က ဥပဒေ။ ကျွန်တော် နားလည်တာက မနေ့က တင်ပြတာက ၁၉၈၉ ခုနှစ်က ဥပဒေပြောတယ်။ အဲဒီဥပဒေမှာက ခုနက တာဝန်ပေးထားတာက အစိုးရအဖွဲ့ ရဲ့ ခွင့်ပြုချက်နဲ့ ဒီလုပ်ငန်းတွေ လုပ်ပိုင်ခွင့်ရှိတယ်ဆိုတာ မှန်တယ်။ ဒါပေမယ့် ဒီလောက်တန်ဖိုးရှိတဲ့ကိစ္စများအတွက် ဒီလောက်နဲ့ပဲ လုံလောက်မလား။ ကျွန်တော်တို့လို အခုလို ဒီမိုကရေစီနိုင်ငံ ထူထောင်တဲ့နေရာမှာ သူ့ကိုပဲ တာဝန်ပေးမလား သို့မဟုတ်လို့ရှိရင် ပြည်ထောင်စုလွှတ်တော်ကို တင်ပြဖို့ လိုသလား။ ဒါလည်း ကျွန်တော်တို့ စဉ်းစားမိတာတစ်ခုရှိ ပါတယ်။ ဒါဘာကြောင့်ပြောလဲဆိုတဲ့အခါမှာ အခု ဒီနေ့ ကျွန်တော်တို့ ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးလည်း ပါပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေက ပြဋ္ဌာန်းထားတယ်၊ ခွင့်ပြုထားတယ်။ အဲဒီလို ခွင့်ပြုထားတဲ့အတွက် ခွင့်ပြုထားတာတစ်ခုရှိတယ်။ သို့ရာတွင် ခုနှစ်၊ သက္ကရာဇ်တော့ မမှတ်မိ တော့ဘူး။ အဲဒီရဲ့ ဒီဥပဒေမှာ ကျတဲ့အခါကျတော့ အခွန်ဆိုင်ရာအမိန့်ကြော်ငြာစာများကို အစိုးရရဲ့ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်ခွင့်ရှိသည် အဲဒီသဘောမျိုးဆန်နေ တယ်ခင်ဗျား။ အဲဒီလို ဆိုလို့ရှိရင် ဥပဒေနဲ့လည်း မညီဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း မညီဘူး။ ညီအောင်လုပ်ရလိမ့်မယ်။ ဒါမျိုးကအစ ဒါကြောင့်မို့လို့ ခေတ်နဲ့စနစ်နဲ့လျော်ညီသောဥပဒေများ ပေါ်ထွက်လာဖို့ အရေးကြီးတယ်။ ဥပဒေတွင်မကဘူး။ ကျန်တဲ့ နည်းဥပဒေတွေမှာပါ ဒီလို ပေါ်ထွက်ဖို့လည်း ကျွန်တော့်ဘက်က ခုနက သက်ဆိုင်ရာတာဝန်ရှိသူ ဦးသိန်းဆွေလည်း မနေနိုင်ဘဲနဲ့ ထပြီးတော့ ရှင်းပြတဲ့သဘောရှိပါတယ်။ ဘယ်အတွက်လဲ။နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးစီးပွားအတွက် သူ့ကော်မတီအတွက် မဟုတ်ဘူး။ လွှတ်တော်အတွက်မဟုတ်ဘူး။ အဲဒီအတွက် တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ အစိုးရအဖွဲ့ကလည်း နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးစီးပွားအတွက် လုပ်တယ်။

လုပ်တဲ့အခါမှာ ကိုယ့်တာဝန် သူ့တာဝန် ဆောင်ရွက်တဲ့အခါမှာ အစိုးရဘက်က ဒါနဲ့ပတ်သက်လို့ Implementation လုပ်တဲ့တာဝန် သူ့တာဝန်။ ဒီဘက်က ဥပဒေပြုဖို့တာဝန် ဒီဘက်က တာဝန်။ အဲဒီလို ဥပဒေပြုလိုက်တဲ့အခါမှာ အခုလုပ်နေတဲ့ Implementation နဲ့ မဟပ်စပ်ဘူးဆိုရင် နိုင်ငံအတွက်အများကြီး အခက်အခဲရှိမယ်။ ဒါကြောင့်မို့လို့ ကိုယ့်တာဝန်၊ သူ့တာဝန် သိပြီးတဲ့အခါမှာ ဒီဘက်က ဥပဒေပြုရေးအဖွဲ့ကလည်း ကိုယ့်တာဝန်အရ ကိုယ်လုပ်တယ်။ အုပ်ချုပ်ရေးအဖွဲ့ကလည်း ကိုယ့်တာဝန် ကိုယ်လုပ်တယ်။ လုပ်တဲ့အခါမှာ ဥပဒေနဲ့အညီ ဖို့လိုတယ်။ ဥပဒေနဲ့ညီဖို့ ဆိုတဲ့အခါမှာ ဒီနေ့ ဥပဒေနဲ့တော့ ပြီးခဲ့တဲ့ ပြဋ္ဌာန်းတဲ့ဥပဒေနဲ့တော့ ညီတယ်လို့ပြောရင် ထွက်လာတဲ့ဥပဒေနဲ့ကော မညီဘူးဆိုလို့ရှိရင် မိမိတို့လုပ်ခဲ့တာတွေဟာ သဲထဲရေသွန်ဖြစ်ပြီးတော့ နိုင်ငံအတွက် အထင်သေး အမြင်သေးဖြစ်သွားမယ်။ ဒါကြောင့်မို့လို့ ဒီနေ့ အခုလို မနေ့က တုန်းက တင်ပြတဲ့အဆိုအတွက် ဆွေးနွေးတာကလည်း ဒါ လိုအပ်ချက်အရ ဆွေးနွေးချက်ဖြစ်တယ်။ အားလုံးထင်သာမြင်သာရှိတယ်။ ဒီနေ့ ပြည်ထောင်စုဝန်ကြီးဘက်ဆွေးနွေးတာကလည်း အားလုံးထင်သာမြင်သာရှိတယ်။ ဒါကြောင့် မို့လို့ ပြည်တွင်းမှာရှိကြတဲ့ ခုနက ပြည်သူတွေရော နိုင်ငံတကာမှာရှိတဲ့ အဖွဲ့အစည်းတွေရော ဝန်ကြီး ဌာနက ဒီလိုလုပ်နေတယ်။ သူတို့သိပါတယ်။ လွှတ်တော်ဘက်က ဒီလိုလုပ်နေတယ်။ လွှတ်တော်ဘက်က ထွက်လာမယ့်ဥပဒေတွေဟာ အခု ဥပဒေအတိုင်းတော့ မဖြစ်နိုင်ဘူး။ ဥပဒေအပြင် နည်းဥပဒေလည်း ဒီအတိုင်း မဖြစ်နိုင်ဘူး။ ဒါကြောင့်မို့လို့ အဲဒီလို ဖြစ်ပေါ်လာတဲ့ဟာအတိုင်း ခင်ဗျားတို့ လိုက်နာဆောင် ရွက်မယ်ဆိုတဲ့ဟာကို ဝန်ကြီးက ပြောသွားတယ်။ စာချုပ်ထဲမှာ ဒီအတိုင်းပဲ ဆောင်ရွက်မယ်ဆိုတဲ့အတွက် ထင်သာမြင်သာရှိတယ်။ ဒါကြောင့်မို့လို့ နောင်ဖြစ်မယ့်ဟာ အပေါ်မူတည်ပြီးတော့ ဒီဥပဒေရဲ့ အကျိုးသက်ရောက်မှုတွေကတော့ ကျုပ်တို့တွေ ဒီအတိုင်းခံစားမယ် ဆိုတာအတွက် သူတို့လက်မှတ်ထိုးပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ဒီဟာက ပြည့်စုံလုံလောက်တဲ့ သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အချိန်ကြာသွားပါပြီ။ နိဂုံးချုပ်ပါမယ်။ ကျွန်တော်တို့ မနေ့က က အပိုင်းဖြစ်ပါတယ်။ ဒီနေ့ ဝန်ကြီးရဲ့ တင်ပြချက်သည် ကျွန်တော်တို့ မသိတဲ့အချက်တွေ သိအောင် မရှင်းလင်းတာတွေ ရှင်းလင်းအောင် မြင်သာမှုရှိအောင် တင်ပြသွားတာ ပြီးတဲ့အခါမှာ သက်ဆိုင်ရာပြည်ထောင်စုအစိုးရကနေပြီးတော့ သူလုပ်စရာရှိတာတွေ ဆက်လုပ်လိမ့်မယ်။ ဆက်လုပ် တဲ့အခါမှာ ဖြစ်ပေါ်လာမယ့် ဥပဒေနဲ့ညီအောင်လုပ်ဖို့ တာဝန်ခံသွားတယ်။ တာဝန်ယူသွားတယ်။ ဒါကြောင့်မို့လို့ ဒီလို ဒီလောက် ဒီနေရာမှာ လာရောက်ရှင်းပြခြင်းဟာ အများကြီးတန်ဖိုးရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ထပ်ပြီးတော့ တင်ပြပါမယ်။ အခု ဒီတင်ပြချက်ကို မှတ်တမ်းအဖြစ် ထားရှိပြီး

တော့ ဆောင်ရွက်မယ်။ မှတ်တမ်းအဖြစ်ထားတာကို ကျွန်တော်တို့ စောင့်ကြည့်မယ်။ ထွက်ပေါ်လာတဲ့ အခါမှာ ဒီဥပဒေအတိုင်း သက်ဆိုင်ရာတွေဟာ ဆောင်ရွက်ခြင်း ရှိ/မရှိ ကျွန်တော်တို့ စောင့်ကြည့်မယ်။ စောင့်ကြည့်ပြီးတော့ အဲဒီအတိုင်းဖြစ်တယ်ဆိုရင် ဆက်လက်သွားမယ်။ ဒါ ကျွန်တော်တို့ရဲ့ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြချက်တွေကို လွှတ်တော်မှာ မှတ်တမ်းထားရှိ စောင့်ကြည့် ဆောင်ရွက်သွားပါမယ်။ ဒါနဲ့ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်များ သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုဝန်ကြီးရဲ့ ရှင်းလင်းတင်ပြချက်ကို မှတ်တမ်းတင်ထားရှိ စောင့်ကြည့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။နေ့လယ်စာစားသုံးရန်အတွက် လွှတ်တော်ကို ခေတ္တရပ်နားပါမယ်။ ရပ်နားချိန် အကြမ်းဖျင်းတစ်နာရီခန့်ဖြစ်ပါမယ်။

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၂း ၅၅။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**နောင်ခိုက်ရေထွက်အား လျှိုပိတ်ဆည်အဖြစ်ဆောက်လုပ်ပေးရန်နှင့် နောင်ဗိုတစ်ဖက်ဆည်ကန်အား ပြန်လည်တူးဖော်ပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဆက်လက်ဆောင်ရွက်ပါမယ်။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါ်င်းဆိုင်ဟိန်းဖြစ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ်၏ အနောက်ဘက်ခြမ်း ပအို့ဝ်တိုင်းရင်းသားများ နေထိုင်ရာ ဟိုနမ့်ဒေသတွင် တစ်ဖက်ပိတ်ဆည်တစ်ခုတည်ဆောက်ပေးပါရန်နှင့် လက်ရှိသောက်သုံးရေကန်ဟောင်းတစ်ခုအား ပြန်လည်တူးဖော်ပေးပါရန် မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်၏ မေးမြန်းချက်များကို ဖတ်ကြားတင်သွင်းခွင့်ပြုနိုင်ပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပအို့ဝ်တိုင်းရင်းသားအများစု အခြေချနေထိုင်ရာ ဟိုနမ့်ဒေသ ပန်းတန်ကျေးရွာအုပ်ဖာစမ်းကျေးရွာ၏ မြောက်ဘက်တွင် (နောင်ခိုက်)ခေါ် သဘာဝလျှိုတွင်း ရေထွက်တစ်ခုတည်ရှိပြီး မဆလခေတ်မတိုင်မီခေတ်အဆက်ဆက်ကပင် လူထုအားဖြင့် ဆည်ဖို့ဆောင်ရွက်ခဲ့သော်လည်း နည်းပညာမပါသဖြင့် ယနေ့ထက်တိုင် အောင်မြင်မှုမရရှိနိုင်သေးပါ။ နောင်ခိုက်ရေထွက်တစ်ဖက်ပိတ်ဆည် တည်ဆောက်ပေးနိုင်ပါက ဟိုနမ့်ဒေသတစ်ခုလုံး စိမ်းလန်းစိုပြေရေးနှင့် သောက်သုံးရေလွယ်ကူလုံလောက်စွာရှိစေခြင်း၊ မိုးကောင်းလယ်နှင့် ဘိန်းအစားထိုးသီးနှံများ ပိုမိုအောင်မြင်ဖြစ်ထွန်းစေခြင်း၊ တိုးချဲ့လယ်ယာမြေပေါင်းများစွာ အကျိုးပြုနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်ယူ၍ ဟိုနမ့်ဒေသတစ်ခုလုံး ဖြန့်ဖြူးပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိ နိုင်မှာဖြစ်ပါတယ် ခင်ဗျား။ ဟိုနမ့်ဒေသ၏ တောင်ဘက်ခြမ်းတွင် ဟိုရန်စမ်းချောင်းဆရာတော်ဘုရားကြီး၏ မေတ္တာရပ်ခံချက်အရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ယခင်စစ်တိုင်းမှူးကြီးများ၏ ကူညီပံ့ပိုးမှုဖြင့် တူးဖော်ထားသော ဒေသသုံးသောက်ရေကန်တစ်ကန်ရှိပြီး နောင်ဗိုကန်ဟု ခေါ်တွင်ပါသည်။ တစ်ဖက်ဆည်ကန်ဖြစ်ပြီး ယနေ့ အချိန်တွင် နုန်းမြေထုဝင်ရောက်မှုများပြားလာသဖြင့် ကောလုလုအနေအထားသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ဟိုနမ့်ဒေသတွင်

ရေအရင်းအမြစ်အဖြစ်ရေထွက်များနှင့် ဆည်ဖို့ထားသော ကန်များသာရှိပြီးမြစ်ရေ၊ ချောင်းရေများ မရှိပါသဖြင့် အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ဟိုနမ့်ဒေသ ပအိုဝ်းတိုင်းရင်းသားများ အကျိုးကျေးဇူးကို ထာဝရဖော်ဆောင်ပေးနိုင်မည့် နောင်ခိုက်ရေထွက်လျှိုပိတ်တမံဆောက်လုပ် ပေးခြင်းနဲ့ လက်ရှိနောင်ဗိုတစ်ဖက်ဆည်ကန်ကြီးအား ပြန်လည်ဆည်ယူခြင်းနဲ့ စပ်လျဉ်းသည့် အောက်ပါမေးခွန်းများကို လွှတ်တော်မှတစ်ဆင့် ရိုသေစွာ တင်သွင်းမေးမြန်းအပ်ပါသည်ခင်ဗျား။

မေးခွန်း(၁) ခေတ်အဆက်ဆက် လူထုအားဖြင့် ဆည်ဖို့ဆောင်ရွက်ခဲ့သော်လည်း ယနေ့တိုင် အောင်မြင်မှုမရနိုင်သည့် နောင်ခိုက်ရေထွက်တစ်ဖက်ပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရမှ ခေတ်မီနည်းစနစ် နည်းပညာများဖြင့် မည်ကဲ့သို့ ဆက်လက်ကူညီဆောင်ရွက် ပေးနိုင်မည်နည်း။ မေးခွန်း(၂) မည်သည့်ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောက်လုပ်ပေးနိုင် မည်နည်း။ မေးခွန်း(၃) ဆည်တည်ဆောက်ခြင်းနှင့် အတူ ရေအားလျှပ်စစ်ထုတ်ယူပေးရန် အစီအစဉ် ရှိ/မရှိ။ မေးခွန်း(၄) နောင်ခိုက်ရေထွက်တစ်ဖက်ပိတ် ဆည်စီမံကိန်းနှင့်အတူ လက်ရှိဟိုနမ့်ဒေသ တောင်ဘက်ခြမ်းရှိ နောင်ဗိုကန်အား ပြန်လည်တူးဖော်ပေးခြင်းလုပ်ငန်းများကို ပူးတွဲဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ။ ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁ မှ ဒုတိယဝန်ကြီးဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မောက်မယ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါ်းဆိုင်ဟိန်းမေးမြန်း သည့် မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်မှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ မောက်မယ်မြို့နယ်၊ နောင်ခိုက်ရေထွက်ဆည်သည် ဟိုနမ့်ဒေသပန်းတန်ကျေးရွာအုပ်စုရှိ နောင်ခိုက် ရေထွက်အား မြေသားတမံဖြင့်ဖို့၍ စိုက်ပျိုးရေရယူထားသော ကျေးလက်ဆည်တစ်ခုဖြစ်ပါတယ်။ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသောဆည်မဟုတ်ပါ။ ဟိုနမ့်ဒေသ၏စိုက်ပျိုးရေကို များစွာ

အထောက်အကူပြုလျက်ရှိသောကြောင့် ကျေးရွာလူထု၏ ကိုယ်ထူကိုယ်ထလုပ်အားဖြင့် ဆောင်ရွက်ခဲ့ကြပါတယ်။ နည်းပညာ အကူအညီများဖြင့် စနစ်တကျဆောင်ရွက်ထားရှိခြင်း မဟုတ်သောကြောင့် တောင်ကျရေများသည့် မိုးတွင်းကာလများတွင် ပြိုကျပျက်စီးလေ့ရှိကြောင်းသိရှိရပါတယ်။ နောင်ခိုက်ရေထွက်ဆည်၏ လက်ရှိအကျိုးပြုဧရိယာမှာ စိုက်ပျိုးမြေဧက ၅၅၀ ခန့်ရှိပါတယ်။ နောင်ခိုက်ရေထွက်ဆည်သည် လက်ရှိအချိန်တွင် ကိုယ်ထူကိုယ်ထနည်းလမ်းဖြင့် တမံဟောင်းများပြန်ဖို့၍ ရေရယူသုံးစွဲရလျက်ရှိရာ မိုးရွာသွန်းမှုများပြား၍ ရေစီးဆင်းမှုများပြားပါက ပျက်စီးသွားပါတယ်။

အဆိုပါဒေသသည် ဆက်သွယ်ရေးလမ်းကြောင်း ခက်ခဲကြမ်းတမ်းမှုကြောင့် ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါသဖြင့် နောင်ခိုက်ရေထွက်ဆည်အား လျှိုပိတ်တမံအဖြစ်တည်ဆောက်ပေးရေးအတွက် ဆည်မြောင်းဦးစီးဌာနအနေဖြင့် ပဏာမမြေပြင်ကွင်းဆင်း တိုင်းတာမှုများ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။ ရရှိလာသော အချက်အလက်များအပေါ်မူတည်၍ ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ ထပ်မံ၍ တိုင်းတာမှုများဆောင်ရွက်ရမည်ဖြစ်ပါသည်။ လျှိုပိတ်တမံသို့မဟုတ် ရေလှောင်တမံအမျိုးအစားတည်ဆောက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိမည် ဆိုပါကဆည်မြောင်းဦးစီးဌာန ရုံးချုပ်သို့ ဖြည့်စွက်လုပ်ငန်းအနေဖြင့် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ နောင်ခိုက်ရေ ထွက်လျှိုပိတ်တမံတည်ဆောက်ခြင်းလုပ်ငန်းအား ဖြစ်မြောက်နိုင်စွမ်းရှိပြီးဆည်မြောင်းဦးစီးဌာနရုံးချုပ်၏ ခွင့်ပြုချက်ရရှိပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်လုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်တွင် ထည့်သွင်းလျာထား၍ ရန်ပုံငွေခွင့်ပြုချက်ရရှိပါကလုပ်ငန်းများစတင်ဆောင်ရွက်သွား မည်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ မောက်မယ်မြို့နယ်၊ နောင်ဗိုကန်သည် ဟိုနမ့်ကျေးရွာ၏ အနောက်ဘက်တွင်တည်ရှိပါတယ်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၏အကူအညီဖြင့် အဆိုပါကန်အား ထပ်ဆင့်တာပေါင်ဖို့ခြင်းအားဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါ မိုးရေနှင့်အတူ နုန်းမြေထုများဝင်ရောက်လာမှုကြောင့် ၎င်းရေကန်မှာ ကောလုလုအနေ အထားရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါတယ်။ နောင်ဗိုကန်သည် ကျေးလက်ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့သော တစ်ဖက်ဆည်ကန်တစ်ခုဖြစ်ပါသည်။ နောင်ဗိုကန်၏ လက်ရှိအကျိုးပြုဧရိယာမှာ စိုက်ပျိုးမြေဧက ၃၅၀ ခန့်ရှိပါသည်။ ဆက်သွယ်ရေးလမ်းကြောင်း၏ ခက်ခဲကြမ်းတမ်းမှုကြောင့် ၎င်းနောင်ဗိုကန်အား အသေးစိတ်တိုင်းထွာမှုများဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ နောင်ဗိုကန်နုန်းသဲနုန်းများ တူးဖော်ခြင်း လုပ်ငန်းအားဆည်မြောင်းဦးစီးဌာနအနေဖြင့် ပဏာမကွင်းဆင်းလေ့လာတိုင်းတာမှုများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ရရှိလာသည့်

အချက်အလက်များပေါ် မူတည်၍ အသေးစိတ်တိုင်းတာ တွက်ချက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ပေးရန် ဖြစ်မြောက်နိုင်စွမ်းရှိပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဖြည့်စွက်လုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်များတွင် ထည့်သွင်း လျာထား၍ ယန္တရားများတင်ပြတောင်းခံသွားမည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအား ဆည်မြောင်းဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဖြည့်စွက် လုပ်ငန်းရန်ပုံငွေကို တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက လုပ်ငန်းများ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ထုံးကျိန်လွင်ပြင်ဒေသအား အစိုးရတာတမံအဖြစ် သတ်မှတ်ပြီး ရေငန်တာတမံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များကို လေးစားသမှုနဲ့ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ကျွန်တော် အခုတင်ပြမယ့် မြေပုံမြို့နယ် ထုံးကျိန်လွင်ပြင်ဒေသနှင့် ပတ်သက်ပြီးတော့ တင်ပြရရင် ရခိုင်ပြည်နယ်ရဲ့ အဓိက အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါတယ်။ အဲ့ဒီမှာ ရခိုင်ပြည်နယ်ရဲ့ ထူးခြားချက်က ဒီရေရောက်တောတွေကို ခုတ်ထွင်ပြီးတော့ လယ်ယာမြေဖော်ထုတ်ရခြင်း ဖြစ်ပါတယ်။ အဲ့ဒီလို ဖော်ထုတ်တဲ့အခါမှာ ဒီရေရောက်တောတွေဟာ မြေနိမ့်ဒေသတွေ ဖြစ်တဲ့အတွက် ကျွန်တော်တို့ တာတမံတွေ ဝိုင်းပတ်ဆည်ဖို့ပြီးတော့ ရေငန်တာတွေတားပြီးတော့ ဒေသအခေါ် တော့ကာရီလို့ ခေါ်ပါတယ်။ ဝိုင်းပတ်ဆည်ဖို့ပြီးမှ လုပ်စားလို့ရပါတယ်။ ရခိုင်ပြည်နယ်ရဲ့ စပါးစိုက်ဧက ၁၁ သန်းကျော်ရှိတဲ့အထဲမှာ အဲ့လို တာတမံဆည်ဖို့ပြီးတော့ ရေငန်တားပြီးတော့ လုပ်စားရတာ တစ်ဝက်ကျော်လောက်ရှိပါတယ်။ အထူး သဖြင့် မြေပုံမြို့နယ်ဟာ တစ်ကျွန်းတစ်ရွာဆိုသလို ပင်လယ်ဝမှာ တည်ဆောက်ထားတဲ့ ဒေသမို့လို့ အဲ့လိုတာတမံတွေ၊ ကာရီတွေများပါတယ်။ တစ်မြို့နယ်လုံးရဲ့ စားဝတ်နေရေးဟာ အဲ့ဒီကာရီတွေနဲ့ပဲ ဆည်ဖို့ပြီးတော့ စပါးစိုက်ပျိုးလုပ်ကိုင်စားသောက်ရတဲ့အခြေအနေမျိုးဖြစ်ပါတယ်။ အခု ကျွန်တော် တင်ပြတဲ့ ထုံးကျိန်လွင်ပြင်ဒေသဟာလည်း အဲ့လိုကာရီတွေထဲက တစ်ခုဖြစ်ပါတယ်။ အရင်တုန်းက တော့ အဲ့ဒီဒေသဟာ ကုက္ကိုကျေးရွာအုပ်စု၊ ငပသုန်ကျေးရွာအုပ်စု၊ တောင်ခြေကျေးရွာ အုပ်စု ဒီသုံးအုပ်စုရဲ့ ဆက်ဆက်တြိဂံနယ်မြေလည်း ဖြစ်ပါတယ်။ အဲ့ဒီလွင်ပြင်ကို အဲ့ဒီဒေသခံ

တောင်သူလယ်သမား ၇၅၀ ခန့်က ကိုယ်ထူကိုယ်ထ လက်ဆည်တာတမံအဖြစ် လုပ်ကိုင်စားသောက်ခဲ့ကြပါတယ်။ ဧရိယာအားဖြင့် ဧက ၅၈၀၀ လောက်ရှိပါတယ်။ ဒါပေမယ့် ၂၀၁၀ ဂရိမုန်တိုင်း တိုက်လိုက်တဲ့အခါမှာ အဲ့ဒီတာတမံတွေဟာ ကျိုးပေါက်ပျက်စီးသွားပြီးတော့ အဲ့ဒီဒေသကလူတွေဟာ အလွန်ပဲဆင်းရဲပင်ပန်းပြီးတော့ ဒုက္ခရောက်ရှိနေကြရပါတယ်။ လောလောဆယ်စားဝတ်နေရေးအတွက်လုံးပန်းနေရတဲ့အထဲမှာ အဲ့ဒီတာတမံကို ပြန်လည်ဆည်ဖို့ပြီးတော့ နဂိုအတိုင်းစားဝတ်နေရေးကိုလုပ်ကိုင်စားသောက်ဖို့ အခြေချဖို့ဆိုတာ မဖြစ်နိုင်တော့တဲ့အတွက် နိုင်ငံတော်ကို အကူအညီတောင်းခံရခြင်းလည်းဖြစ်ပါတယ်။ အခုချိန်ခါမှာဆိုရင် အဲလိုတာတမံကျိုးပေါက်တဲ့အတွက်နဲ့ အဲ့ဒီဒေသမှာရှိတဲ့ အထူးသဖြင့် ကုက္ကိုရွာဆို ရင်ရွာလမ်းတွေရေမြုပ်တယ်။ သောက်ရေကန်တွေပျက်စီးတယ်။ ကျွဲ၊ နွား တိရိစ္ဆာန်တွေ သောက်ရေ မရ။ အဲလိုလူမှုဒုက္ခအများကြီးရင်ဆိုင်နေရလို့ အခုဆိုရင် ရွာပျက်မတတ်ဖြစ်နေပါတယ်။ ရွာသားတွေလည်းစားဝတ်နေရေး အဆင်မပြေတာကတစ်ကြောင်း၊ နေထိုင်ရတာအခက်အခဲရှိတာက တစ်ကြောင်းကြောင့် အခြားရွာတွေကိုပြောင်းသွားပြီးတော့ တစ်ရွာလုံးကျွတ် ပြောင်းရွှေ့ပြီးတော့ ပြေးသွားရမယ့်အခြေအနေမျိုး ရောက်ရှိနေပါတယ်။ အဲဒါကြောင့်မိုလို့ ဒီလိုအခက်အခဲပေါင်းစုံဖြစ်နေတဲ့ ဒေသကို နိုင်ငံတော်က အစိုးရတာတမံတစ်ခုအဖြစ် ဆည်ဖို့ပြီးတော့ ကူညီပေးမယ်ဆိုရင် ဒါ အဲဒီဒေသ ခံတွေရဲ့ဘဝဟာပြန်လည်ရှင်သန်လာပြီးတော့ ဒေသတစ်ခုလုံးရဲ့ စီးပွားရေးလည်းပြန်လည်ကောင်းမွန်လာမှာဖြစ်ပါတယ်။ ပြည်သူလူထုတွေကလည်း နိုင်ငံတော်ကိုအများကြီးအားကိုးမျှော်လင့်နေကြပါတယ်။ ဒါ့ကြောင့်ဒေသခံပြည်သူတွေရဲ့ဘဝတိုးတက်ကောင်းမွန်ရေးအတွက် ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုမေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြေပုံမြို့နယ်၊ ထုံးကျိန်လွင်ပြင်ဒေသကို အစိုးရတာတမံအဖြစ်သတ်မှတ်ပြီး ရေငန်တားတာတမံ တည်ဆောက်ပေးနိုင်ပါပြီလားသိလိုပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း( ဒုတိယဝန်ကြီး၊ သမွတရုံးဝန်ကြီးဌာန-၁)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမေးမြန်းထားသည့် မေးခွန်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား သမ္မတရုံးဝန်ကြီးဌာန -၁ ကျွန်တော်မှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

မြေပုံမြို့နယ် ထုံးကျိန်လွင်ပြင်ဒေသသည် မြေပုံမြို့နယ်တောင်ပိုင်း ကုက္ကိုကျေးရွာအုပ်စု၊ တောင်ရှည်ကျေးရွာအုပ်စုနှင့် ကျွန်းသာယာကျေးရွာအုပ်စုများဆက်စပ်ပါဝင်လျက်ရှိပြီး နယ်မြေဧရိယာ ၉ စတုရန်းမိုင်ခန့်ကျယ်ဝန်းပါတယ်။ အဆိုပါဒေသရှိလယ်သမားများမှာ ကိုယ့်အားကိုယ်ကိုး တစ်ပိုင်တစ်နိုင်လက်ဆည်တာတမံများ တည်ဆောက်အသုံးပြုခဲ့ရသော်လည်း ၂၀၁၀ ပြည့်နှစ် ဂီရိမုန်တိုင်းကြောင့် တာတမံများကျိုးပေါက်ပျက်စီးခဲ့ရပါတယ်။ သို့ဖြစ်၍ ကျွန်းသာယာကျေးရွာအုပ်စု၊ ကျွန်းသာယာကျေးရွာ၊ အုန်းကြောင်းကျေးရွာ၊ ပြင်ကျောင်းကျေးရွာ၊ ပြင်ကွင်းကျေးရွာများမှ စိုက်ပျိုးမြေဧရိယာ ၇၉၂ ဧကကို ပင်လယ်ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ရန် အလျား ၃၉၀၀ ပေ၊ ပျမ်းမျှ အမြင့် ၈ ပေ၊ ထိပ်ဝအကျယ် ၁၂ ပေရှိ ကျွန်းသာယာရေငန်တားတာတမံကို ရခိုင်ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် စက်ယန္တရားများဖြင့်တည်ဆောက် ပေးခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ ကုက္ကိုကျေးရွာအုပ်စု၊ ညောင်ရွှေကျေးရွာအုပ်စုနှင့်ကျွန်းသာယာကျေးရွာအုပ်စုရှိ စိုက်ပျိုးနိုင်သောမြေ ၄၆၀၀ ဧကခန့်ကို ပင်လယ်ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် အကျယ် ၁၁၀ ပေ မှ ၁၇၀ ပေထိကျယ်သော အဓိကချောင်းတစ်ချောင်းဖြစ်သည့် ကုက္ကိုချောင်း၊ ငပုတုန်ချောင်း၊ တောင်ခြေပွန်ချောင်းများကို နှစ်ဖက်ပိတ်ရမည်ဖြစ်ပြီး ထုံးကျိန်ချောင်းကို တစ်ဖက်ပိတ်နှင့် အခြားချောင်းငယ်များကိုလည်း ပိတ်ဆို့ပေးရမည်ဖြစ်ပါသည်။ အဆိုပါထုံးကျိန်တာတမံတည်ဆောက်နိုင်ရန်အတွက် အသေးစိတ်ကွင်းဆင်းတိုင်းတာခြင်း ဒီဇိုင်းပုံစံထုတ်လုပ်ခြင်း၊ ခန့်မှန်းခြေစာရင်းပြုစုခြင်းတို့ဆောင်ရွက်ရန် လိုအပ်ပါသည်။ အဓိကချောင်းကြီး ၄ ချောင်းကို စက်ကြီး များဖြင့်ပိတ်ရန်လိုအပ်သဖြင့် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဒေသခံလယ်သမားများ ငါးဖမ်းလုပ်သားများမှလည်း ကွန့်ကွက်ရန်မရှိကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း တင်ပြလာပါသည်။ ၄င်းတို့၏ ဆန္ဒသဘောထားကို အခြေပြု၍ဆောင်ရွက်ရန် သဘောတူပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန် လိုအပ်သော ရန်ပုံငွေရရှိရေးကို တွက်ချက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ တင်ပြတောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးဥတ္တမပန်းခြံအဖြစ် ယခင်ကကဲ့သို့ ကန်တော်မင်၌ ပြန်လည်ထားရှိမည်ဆိုပါက မည်သည့် ခုနှစ်တွင် အကောင်အထည်ဖော်မည်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညိုမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်ညို(စစ်တွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ ဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ဂါရဝပြုလျက် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်းပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ စစ်တွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုဖြစ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီးမှာ မြန်မာ့လွတ်လပ်ရေး သမိုင်းဝင်ရုပ်ဝတ္ထုတွေ အများကြီးရှိပါတယ်။ နောင်လာနောက်သားများ သိရှိနိုင်ရန် ခေါင်းဆောင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၊ ဗိုလ်ချုပ်ဈေး၊ ဗိုလ်ချုပ်လမ်းတို့မှာ အထင်အရှားရှိပါတယ်။ အလားတူ ရဟန်းအနေဖြင့် ဦးဝိစာရကျောက်တိုင်၊ ဦးဝိစာရလမ်း ရှိခဲ့ပါတယ်။ အခုလည်းရှိပါတယ်။ ထို့အတူလည်း ထိုအချိန်အခါကပင် ရွှေတိဂုံ တောင်ဘက်နှင့် နီးကပ်လျက်ရှိသည့် ကန်တော်မင်ပန်းခြံတွင် ဦးဥတ္တမအရုပ်နှင့် ဆိုင်းဘုတ်ချိတ်ဆွဲထားပါတယ်။ အကြောင်းကြောင့် ယာယီပျောက်ကွယ်သော်လည်း မြန်မာ့လွတ်လပ်ရေးကို လမ်းပြခဲ့သော လွတ်လပ်ရေးခေါင်းဆောင် မီးရှူးတန်ဆောင် ဦးဥတ္တမနှင့် ပန်းခြံပျောက်နေခဲ့သော်လည်း လွတ်လပ်ရေးမော်ကွန်းဝင် ဦးဥတ္တမပန်းခြံထင်ထင်ရှားရှား ပေါ်လွင်စေရန် ဥက္ကဋ္ဌကြီးမှတဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ (၁) ဦးဥတ္တမပန်းခြံအဖြစ် ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံအား ပြန်လည်နေရာချထားပေးပါရန် အစီအစဉ်ရှိပါသလား။ (၂) ဦးဥတ္တမပန်းခြံအပြင် ယခင်ကကဲ့သို့ ကန်တော်မင်ပန်းခြံ၌ ပြန်လည်နေရာချမည်ဆိုပါက မည်သည့်ခုနှစ်တွင် အကောင်အထည်ဖော်ပါမည်နည်း။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း( ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် စစ်တွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမောင်ညို မေးမြန်းသည့် မေးခွန်းနှင့် ပတ်သက်၍ ရခိုင်ပြည် နယ်အစိုးရအဖွဲ့ကိုယ်စား ကျွန်တော် သမ္မတရုံးဝန်ကြီးဌာန-၁မှ ဒုတိယဝန်ကြီးမှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားတောင်ဘက်မုဒ်အနီး အကျယ်အဝန်း ၇.၅၅ဧက ရှိ ကန်တော်မင်္ဂလာပန်းခြံမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယာဉ်နှင့် အားကစားကွင်းများဌာနမှ ပြည်သူများ အပန်းဖြေအနားယူနိုင်ရန် စိမ်းလန်းစိုပြေသာယာလှပရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ပန်းခြံတစ်ခုဖြစ်ပြီး ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်

အဆင့်မြှင့်တင်လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ လွတ်လပ်ရေးမရခင်ကာလက အဆိုပါပန်းခြံကို တည်ဆောက်ခဲ့ပြီး ဦးဥတ္တမပန်းခြံအဖြစ် ခေါ်ဝေါ်ခဲ့သည့် အထောက်အထားများ ခိုင်လုံစွာ မတွေ့ရှိခဲ့ရပါ။ သို့ရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် မတ်လ ၂၇ ရက် တော်လှန်ရေးနေ့တွင် လည်းကောင်း၊ မေလ ၁ရက် အလုပ်သမားနေ့တွင် လည်းကောင်း ကန်တော်မင်ပန်းခြံ၌ မိန့်ခွန်းပြောကြားခဲ့သော မိန့်ခွန်းကောက်နုတ်ချက် စာသားများကို ယင်းပန်းခြံအတွင်း မြေယာရှုခင်းတောင်ကုန်းပေါ်ရှိ ကျောက်တိုင်၌ ရေးသားကဗျည်းတင် ဖော်ပြထားလျက်ရှိသည်ကို တွေ့ရှိနိုင်ပါတယ်။ တပ်မတော်အစိုးရလက်ထက်တွင် ရခိုင်တိုင်းစစ်ဌာနချုပ်ကွတ်ကဲမှုလက်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ မြို့တော်စည်ပင်သာယာရေးနှင့် ဌာနဆိုင်ရာ အမှုထမ်းအရာထမ်းများ လုပ်အားပေးများ ပူးပေါင်းပါဝင်လျက် ၁၉၈၉ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် စတင်မွမ်းမံခဲ့ပြီး ၁၉၈၉ခုနှစ် မတ်လ ၃၁ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ကန်တော်မင်္ဂလာပန်းခြံဟု ခေါ်တွင်စေခဲ့ရာ ယနေ့တိုင်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို၏ မေးခွန်းနှင့် ပတ်သက်၍ ဦးဥတ္တမပန်းခြံဟု ခေါ်သုံးစွဲခဲ့သည် အထောက်အထားများ ခိုင်လုံစွာမတွေ့ရှိရသဖြင့် ဦးဥတ္တမပန်းခြံအမည်ဖြင့် သမိုင်းဝင်ရုပ်ဝတ္ထုအဖြစ်ထားရှိရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**ရွှေဘိုခရိုင်အတွင်းရှိ မြေသားအသစ်တင်၍ ပြုပြင်ပြီးစီးခဲ့သော တူးမြောင်းဘောင်ခင်း လမ်းများ တစ်လျှောက် ဂျင်းကျောက်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**သူရဦးအေးမြင့် (ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သူရဦးအေးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွှေဘိုခရိုင်အတွင်းမှာရှိတဲ့ မြေသား အသစ်တင်ပြုပြင်ပြီးစီးခဲ့တဲ့ တူးမြောင်းပေါင်ခင်းလမ်းများတစ်လျှောက် ဂျင်းကျောက်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်အတွင်း မှာရှိတဲ့ သဖန်းဆိပ်ဆည်ရေသောက်စနစ်မှာပါဝင်တဲ့ ကင်းတပ်ရေလွှဲတမံ လက်ဝဲနဲ့ လက်ယာနဲ့ တာပိုးဆည်ရေသောက်စနစ် ရေဦးမြောင်းမတော်နှင့် ရွှေဘိုမြောင်းမတော်တို့ကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပါတယ်။ အဆိုပါ ရေလွှဲတမံနှင့် မြောင်းမတော်များကို တည်ဆောက်ပေးခဲ့တာ

ကြာမြင့်ပြီဖြစ်သော်လည်းပဲ မိုးစပါး၊ နွေစပါးများအတွက် နှစ်စဉ် စဉ်ဆက်မပြတ်ရေပေးဝေခဲ့ရတဲ့ အတွက်ကြောင့် ရေမြောင်းများကို အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့တာကို တွေ့ရပါတယ်။ ယခုနှစ်မှာတော့ ဆည်ရေလက်ကျန်နည်းပါးသွားတဲ့ အခြေအနေကြောင့် တူးမြောင်းများပြင်ဆင်ခြင်းကို ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်နိုင်ခဲ့တဲ့အခြေအနေရှိပါတယ်။ တူးမြောင်းပေါင်များ တစ်လျှောက် မြေသားအသစ်တင်ခြင်း၊ အားဖြည့်ပေါင်ချဲ့ခြင်း ပုံစံကျပြုပြင်ခြင်းများနဲ့ အောက်ဘက်လှည်းလမ်းများကိုပါ ပြင်ဆင်ဆောင်ရွက်ပေးထားတဲ့အတွက် ဒေသခံပြည်သူများအနေနဲ့ များစွာ ဝမ်းမြောက်ကျေနပ်လျက်ရှိကြောင်း သိရှိရပါတယ်။ သို့သော်လည်းပဲ တူးမြောင်းပေါင်များကို အမှီသဟဲပြုပြီး ကျေးရွာချင်းဆက်လမ်းများအဖြစ်လည်းကောင်း၊ ကုန်ထုတ်လမ်းများအဖြစ်လည်းကောင်း၊ အသုံးပြုနေကြရတဲ့ ဒေသခံပြည်သူများအတွက်တော့ တူးမြောင်းပေါင်ခင်းလမ်းတစ်လျှောက် ဂျင်းကျောက်ခင်းထားတာများဟာ မြေသားအသစ်တင်လိုက်တဲ့အတွက်ကြောင့် အောက်ကိုမြုပ်သွားပြီး မိုးတွင်းကာလမှာ သွားလာရေးအခက်အခဲ ဖြစ်နေမယ်ဆိုတာကို ဒေသခံပြည်သူတွေက စိုးရိမ်းပူပန်နေကြပါတယ်။ သို့ဖြစ်ပါ၍ ရွှေဘိုခရိုင်အတွင်းမှာရှိတဲ့ မြေသားအသစ်တင်ပြုပြင်ပြီးစီးခဲ့တဲ့ တူးမြောင်းပေါင်ခင်းလမ်းများတစ်လျှောက် ဂျင်းကျောက်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား သမ္မတရုံးဝန်ကြီးဌာန-၁ ဒုတိယဝန်ကြီး ကျွန်တော်မှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သူရဦးအေးမြင့် မေးမြန်းသည့် ရွှေဘိုခရိုင်အတွင်း မြေသားအသစ်တင်၍ ပြုပြင်ပြီးစီးခဲ့သော တူးမြောင်းပေါင်ခင်းလမ်းများတစ်လျှောက် ဂျင်းကျောက်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရွှေဘိုခရိုင်အတွင်းရှိ မြေသားအသစ်တင်၍ ပြုပြင်ပြီးစီးခဲ့သော မြောင်းမကြီးဖြစ်သည့် ကင်းတပ်တမံ၊ လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်းနှင့်

တာပိုးရေလွှဲဆည်၊ ရွှေဘိုတူးမြောင်း၊ ရေဦးတူးမြောင်း၊ မြောင်းခွဲများဖြစ်သည့် လှတောမြောင်းခွဲ၊ မုဆိုးချိုမြောင်းခွဲများ၊ တူးမြောင်းများ ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်အတွင်း စတင်ဆောင်ရွက်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ (ကြဘာသံများ)

**ကဝမြို့နယ်အတွင်းရှိ ကျေးရွာများအား ရေကန်များ တူးဖော်ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကဝမဲဆန္ဒနယ်မှ ဦးဝင်းစိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းစိန်(ကဝမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး၊ ကဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းသွားမှာကတော့ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်မှာရှိတဲ့ ဗန်ဒါရွာ၊ ဝါးတောရွာ၊ ကံမြင့်ရွာ၊ အောင်သာရွာ၊ ရွှေညောင်ပင်ရွာ၊ ကံအောင်ရွာ၊ အောင်မိဿာရွာ၊ အောင်ကံလှိုင်ရွာ၊ အောင်နိုင်ကြီးရွာ၊ တံတားဦးရွာ၊ ငှက်ကြီးရေကျော်ရွာတို့ဟာ စစ်တောင်းမြစ်ဝအနီးမှာ တည်ရှိပြီးတော့ ရေတွင်းတူး၍ မရတဲ့ရွာများဖြစ်ပါတယ်။ ၎င်းရွာများဟာ ရေကန်များကိုသာ အားကိုးပြီးတော့ သောက်သုံးနေကြရ ပါတယ်။ နွေရာသီ ဧပြီလမှာ ကျွန်တော် လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းတဲ့အခါမှာ သူတို့ရွာမှာ ရေအခက်အခဲလုံးဝဖြစ်နေတဲ့ အတွက်ကြောင့် ရေကန်များတူးပေးပါရန် တင်ပြတဲ့အတွက်ကြောင့် ဒီမေးခွန်းကိုမေးရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ၁၁ ရွာကို ရေကန်တွေ တူးပေးဖို့ အစီအစဉ် ရှိ/မရှိ။ ရှိရင်ဘယ်တော့ တူးပေးမယ်ဆိုတာကို မေးမြန်းအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။ (ကြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန်

မေးမြန်းတဲ့ မေးခွန်းများနှင့်ပတ်သက်ပြီးတော့ ပဲခူးတိုင်းဒေသကြီးအစိုးရကိုယ်စား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်မှာ ကျေးရွာပေါင်း ၁၅၄ ရွာ၊ လူဦးရေ ၂၂၆၀၃၀ ဦးရှိတဲ့အနက် ဗန်ဒါ၊ ဝါးတော၊ ငှက်ကြီးရေကျော်၊ ကံမြင့်၊ အောင်သာ၊ ရွှေညောင်ပင်၊ ကံအောင်၊ အောင်မိဿာ၊ အောင်ကံလှိုင်၊ အောင်နိုင်ကြီး၊ တံတားဦး ကျေးရွာ ၁၁ ရွာဟာ စစ်တောင်းမြစ်ဝအနီးတည်ရှိသော ကျေးရွာများဖြစ်၍ တွင်းတိမ်၊ တွင်းနက်တူးဖော်၍ မရသောဒေသများဖြစ်ပါသည်။

ကဝမြို့နယ်အတွင်းရှိ ဗန်ဒါ၊ ဝါးတော၊ ငှက်ကြီးရေကျော်၊ ကံမြင့်၊ အောင်သာ၊ ရွှေညောင်ပင်၊ ကံအောင်၊ အောင်မိဿာ၊ အောင်ကံလှိုင်၊ အောင်နိုင်ကြီး၊ တံတားဦးကျေးရွာ ၁၁ ရွာမှ လက်ရှိရေသုံးစွဲမှုမှာ မြေသားမိုးရေလှောင်ကန် ၁၈ ကန်ဖြင့် အသုံးပြုလျက် ရှိပါသည်။ အဆိုပါကျေးရွာ ၁၁ ရွာအနက် ကံအောင်ကျေးရွာအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ Unicef ထောက်ပံ့ငွေဖြင့်လည်းကောင်း၊ တံတားဦးကျေးရွာအား ကျေးလက်ထောက်ပံ့ငွေဖြင့်လည်းကောင်း၊ ပေ ၁၀၀ ပတ်လည် အနက် ၆ ပေ မြေသားရေကန်တစ်ကန်စီ ရရှိဆောင်ရွက်နိုင်ရေးအတွက်ကို တင်ပြထားပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါကျေးရွာ ၁၁ ရွာမှာ ပေ ၁၀၀ ပတ်လည် အနက် ၆ ပေ မြေသားရေကန်တူးဖော်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် ၈၈ သန်းဖြစ်ပြီးတော့ နိုင်ငံတော်ထောက်ပံ့ငွေရရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ကွင်းချောင်းရေတိုက်စားမှုကြောင့် လက်ပံကုန်းရွာနှင့် ကျောက်ကြီးကားလမ်းတို့မှာ ပျောက်ကွယ်သွားနိုင်သဖြင့် ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်နေပြည်သူများရဲ့ဒုက္ခကို ပြည်သူများ၏တင်ပြချက် ပြည်သူ့အသံအရ မေးခွန်းတစ်ခု မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဖြူးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်အကြားရှိ ကွင်းချောင်းရေတိုက်စားမှုကြောင့် ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းဒေသ နန်းမျော်ကျေးရွာအုပ်စုတစ်လျှောက် စစ်တောင်းမြစ်ကမ်းအထိ ကမ်းပါးပြိုမှုများရှိနေပါတယ်။ ထိုအထဲမှာ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းဒေသ

နန်းမှော်ကျေးရွာအုပ်စု၊ လက်ပံကုန်းကျေးရွာအနီးမှာတော့ အဆိုးဆုံးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ပံကုန်းကျေးရွာရှိ ပြည်သူများရဲ့ အိုးအိမ်များ ကျေးရွာ အ.မ.က ကျောင်းနှင့် ပဲခွယ်ကုန်းမှ ကျောက်ကြီးသွား မော်တော်ကားလမ်းတို့သည် ကမ်းပါးပြိုမှုအခက်အခဲများနှင့် ကြုံတွေ့မှာ စိုးရိမ်နေရပါတယ်။ ထိုကွင်းချောင်းရေသည် ၂၀၁၁ ခုနှစ်မှစ၍ ကမ်းပါးပြိုအရှည် ၅ ဖာလုံခန့် နှစ်စဉ်ရေတိုက်စားမှုကြောင့် မြေဧရိယာ ၀.၈၀ မှ ၁ ဧကခန့် ဆုံးရှုံးနေရပါတယ်။ လက်ရှိအချိန်တွင် ကွင်းချောင်းကမ်းပါးနှင့် မော်တော်ကားလမ်းဟာ ပေ ၁၅၀ ခန့်သာကွာဝေးတော့ပါတယ်။ နောက်ပြီးတော့ အ.မ.က လက်ပံကုန်းကျောင်းနှင့် ကွင်းချောင်းကမ်းပါးဟာဆိုလို့ရှိရင်လည်း ပေ ၁၀၀ ခန့်သာ ကွာဝေးလျက်ရှိပါတယ်။ အထက်ပါအတိုင်းသာ ရေတိုက်စား၍ ကမ်းပါးပြိုမည်ဆိုပါက မကြာမီကာလအတွင်း အ.မ.က ကျောင်း လက်ပံကုန်းနှင့် ပဲခွယ်ကုန်းမှ ကျောက်ကြီးသို့သွားသော ကားလမ်းအပြင် ပြည်သူများရဲ့ အိုးအိမ်များပါ ပျောက်ကွယ်သွားရမှာဖြစ်ပါတယ်။ ထိုသို့ဖြစ်ပေါ်နေမှုကို ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် စီစဉ်ဆောင်ရွက်ပေးမည်ဆိုသည်ကို ဒေသခံပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေရဲ့ မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရကိုယ်စား ကျွန်တော်မှ ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းနှင့်ပတ်သက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်မှာရှိတဲ့ ကွင်းချောင်းဟာ ဖြူးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်ကို ပိုင်းခြားထားတဲ့ ချောင်းတစ်ချောင်းဖြစ်ပြီးတော့ ကွင်းချောင်းရေတိုက်စားခြင်းကြောင့်ချောင်းတစ်ဖက်တစ်ချက်မှာရှိတဲ့ ချောင်းကွေ့ရဲ့အပြင်ဘက် ကမ်းပါးများပြိုကျထားသည်ကို တွေ့ရှိရပြီးတော့ ကွင်းချောင်းသည် ယခင်က မိုးရာသီတွင်သာ ချောင်းတွင်းရေများပြီးတော့ နွေရာသီမှာ ရေအနည်းငယ်သာရှိပါတယ်။ မိုးရာသီမှာ အောက်ဘက်စစ်တောင်းမြစ်ရေ တောင့်ခံထားခြင်းကြောင့် ရေစီးဆင်းမှုအားနည်းပြီးတော့ ရေတိုက်စားခံရမှု၊ ကမ်းပြိုမှုနည်းပါးပြီး နွေရာသီမှာ ရေအနည်းငယ် ၁ ပေ၊ ၂ ပေခန့်သာရှိပြီးတော့

ရေတိုက်စားမှုမရှိသောကြောင့် ၂၀၁၀ ခုနှစ်မတိုင်မီ ကွင်းချောင်းကမ်းပြိုမှု နည်းပါးခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာ ကွင်းချောင်းအထက်ဘက်မှာ ကွင်းချောင်းလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကြောင့် ချောင်းအတွင်း တစ်နှစ်ပတ်လုံးရေရရှိပြီးတော့ နွေရာသီရေနည်းချိန်မှာပင် ရေအနက် ၇ ပေ၊ ၈ ပေခန့် ရှိပါတယ်။ နွေရာသီမှာ အောက်ဘက် စစ်တောင်းမြစ်ရေတောင့်ခံထားခြင်းမရှိသောကြောင့် Gradient များတဲ့ချောင်းအတွင်း ရေစီးဆင်းမှုအားကောင်းကာ ချောင်းကွေ့ရှိတဲ့နေရာများမှာ အပြင်ဘက်ကမ်းပါးရဲ့ အောက်ခြေကိုတိုက်စားခံရပြီးတော့ မြေနုတဲ့ကမ်းပါးများပြိုကျခြင်းဖြစ်ပါတယ်။ တိုင်းတာတွေ့ရှိချက်အရ ကွင်းချောင်းဟာ နန်းပေါ်အုပ်စုအတွင်းတွင် ပိုပြီးတော့ လိမ်ကောက်ပြီးတော့ တချို့နေရာများမှာ တစ်တောင်ဆစ်ချိုးသဖွယ် ချောင်းကွေ့များဖြစ်ပေါ်နေတဲ့အတွက် ချောင်းရေတိုက်စားခြင်းကြောင့် လက်ပံကုန်းကျေးရွာ၊ ညောင်ဝိုင်းကျေးရွာ၊ ရွာဂျစ်ကုန်းကျေးရွာနှင့် ကွင်းချောင်းဝကျေးရွာတို့ဟာ ချောင်းကွေ့ရဲ့အပြင်ဘက်မှာ ရောက်ရှိနေတဲ့အတွက်ကြောင့် ရေစီးဆင်းမှုအားကောင်းတဲ့နေရာတွေမှာ အောက်ခြေတိုက်စားခံရပြီတော့ ကမ်းပြိုမှုများ ကြုံတွေ့ရပြီးတော့ လက်ပံကုန်းကျေးရွာမှာ ကမ်းပြိုအလျား ၉၅၈ ပေ၊ ကမ်းနှင့်စာသင်ကျောင်းမကြီးအကွာအဝေး ပေ ၁၀၀၊ ကမ်းနှင့်ပဲနွယ်ကုန်းကျောက်ကြီးလမ်းအထိ ၂၄၅ ပေ၊ ညောင်ရမ်းကျေးရွာမှာ ကမ်းပြိုအလျား ၁၇၂၉ ပေ၊ ကမ်းနှင့်ပဲနွယ်ကုန်းကျောက်ကြီးကားလမ်းအထိ ၁၁၃ ပေ၊ ရွာသစ်ကုန်းကျေးရွာမှာ ကမ်းပြိုအလျား ၄၇၄ ပေ၊ ကမ်းနှင့်ပဲနွယ်ကုန်းကျောက်ကြီးကားလမ်းအထိ ၃၀၈ ပေ၊ ကွင်းချောင်းဝရွာမှာ ကမ်းပြိုမှုအလျား ၇၃၈ ပေ၊ ကမ်းနှင့်ပဲနွယ်ကုန်းကျောက်ကြီးကားလမ်းအထိ ၂၄၃ ပေကွာဝေးတာကိုတွေ့ရှိရပါတယ်။ ကွင်းချောင်းရေတိုက်စားမှုကြောင့် အနန်းပေါ်အုပ်စုအတွင်း ကမ်းပြိုနေမှုကို ကာကွယ်ရန်အတွက်ကမ်းပြိုဧရိယာ တစ်လျှောက်မှာ ကမ်းပါးထိန်းသိမ်းရေးအစီအမံများ အသေးစိတ်တိုင်းတာပြီတော့ ရေးဆွဲတင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီးတော့ ကနဦးအနေနဲ့ ကမ်းပြိုဧရိယာအားပြိုကျမှုသက်သာစေရန် မြေကြီး Slope ခုတ်ခြင်း၊ ကမ်းပြိုဧရိယာအတွင်းရှိ အင်္ဂလိပ်လက်ထက်ရိုက်ထား တဲ့ ရေကာတိုင်များ ဖယ်ရှားခြင်း၊ လက်ပံကုန်းရွာကွင်းချောင်းတံတားရဲ့ အထက်ဘက် ချောင်းအတိုင်း ၉၅၄၃ ပေ ကင်မွန်းချုံရွာ ဖြူးဘက်အခြမ်းမှာ ဘုရင့်နောင်ကွင်းတူးမြောင်းအထိ အလျား ၁၂၅၁ ပေအား pilot cannel ဖောက်လုပ်ပြီးတော့ ရေလွှဲခြင်းလုပ်ငန်းများ ဆောင်ရွက်သင့်ပြီးတော့ တိုက်ရိုက်ကမ်းပါး ထိန်းသိမ်းရေးလုပ်ငန်းကိုလည်း ဆက်လက်ဆောင်ရွက်ရန်လိုအပ်ပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရဲ့ ရေသွားလမ်းကြောင်းကောင်းမွန်ရေးအတွက်ကို မြစ်ကြောင်းပြုပြင်ရေးလုပ်ငန်းတွေကို ဦးစားပေး

ဆောင်ရွက်လျက်ရှိပြီးတော့ ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းအတွက် ရန်ပုံငွေခွဲဝေရရှိမှု မရှိတဲ့အတွက်ကြောင့် ကွင်းချောင်းကမ်းပါးပြိုရေးကာကွယ်ရေးလုပ်ငန်းအတွက်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဆောင်ရွက်နိုင်ခြင်းမရှိဘဲနဲ့ ဖော်ပြပါကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ဆောင်ရွက်သင့်တဲ့အစီအမံနှင့် ခန့်မှန်းကုန်ကျငွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရရန်ပုံငွေမှာ တင်ပြတောင်းခံသွားမည်ဖြစ်ပြီးတော့ ရန်ပုံငွေခွဲဝေရရှိပါက ကမ်းထိန်းလုပ်ငန်းများအား ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**မြို့တွင်း ဖြတ်သန်းစီးဆင်းလာသော ဘုန်းချောင်းကမ်းပါး ဝဲ/ယာအား အခိုင်အမာ တာဖို့မြှင့်တင်ပေးခြင်း ဆောင် ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် ယင်းမာပင်မြို့ဟာ မကြာမီကာလမှာ အဆင့်မြင့် မြို့တစ်မြို့အဖြစ်ဖြစ်ပေါ်လာတော့မယ်လို့ သတင်းအငွေ့အသက်များ ကြားသိရတဲ့အတွက်မြို့လူထုနှင့် နယ်လူထုကဝမ်းသာလျက်ဖြစ်မိတဲ့အချိန်မှာ မြို့ရဲ့လိုအပ်ချက်ဖြစ်တဲ့ ယခုမေးခွန်းကို မေးခွင့်ရအောင် ဥက္ကဋ္ဌကြီးမှစီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ဥက္ကဋ္ဌကြီးအား မြို့လူထု၊ နယ်လူထုကရော ကျွန်တော့်အနေနဲ့ပါကျေးဇူးတင်ရှိပါကြောင်း ပဏာမအနေနဲ့ တင်ပြလိုပါတယ်ခင်ဗျား။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းမာပင်မြို့နယ်မှာ မြို့ရဲ့အလယ်ခေါင်လောက် မှာ ဖြတ်သန်းစီးဆင်းသွားတဲ့ ကုန်းချောင်းဟာ နှစ်စဉ်ရေကြီးရေလျှံမှုဖြစ်တဲ့အခါမှာ မူလရပ်ကွက်(ခ) ရပ်ကွက်နှင့် (ခ)တိုးချဲ့ရပ်ကွက်တို့မှာ ရေကြီးရေလျှံမှုဒုက္ခများ ခံစားကြရပါတယ်။ ဒီလိုရေကြီးရေလျှံမှုဟာ တစ်ကြိမ်လျှင် ၃ ရက်ကနေ ၅ ရက်လောက်ကြာတတ်ပါတယ်။ ရံဖန်ရံခါမှာ မိမိနေအိမ်ပြန်လည်နေထိုင်လို့ရသည်အထိ တစ်ပတ်၊ ၇ ရက်၊ ၈ ရက် စသည်ဖြင့်ကြာတတ်ပါတယ်။ ကျွန်တော်တို့ရေရဲ့အမြင့်ဟာလည်းပဲ ၃ ပေကနေ ၆ ပေ၊ ၇ ပေလောက်ထိ မြင့်တက်ပါတယ်။ ရေကြီးခြင်းဟာလည်းပဲ တဖြည်းဖြည်းကြီးလာခြင်း တက်လာခြင်းမဟုတ်ဘဲနဲ့ နာရီပိုင်းအတွင်းမှာ ၃ ပေကနေ ၅ ပေ၊ ၆ ပေ ချက်ချင်း ရေတက်တတ်တဲ့သဘာဝရှိပါတယ်။ အဲ့ဒီလို ဖြစ်နေတဲ့ ရေကြီးမှုဒုက္ခကို နှစ်စဉ်ရေကြီးမှုဒုက္ခကိုကာကွယ်နိုင်ဖို့ ကုန်းချောင်းကမ်း ဘေးဝဲ/ယာတစ်လျှောက်မှာ မြို့တွင်းကို

ဖြတ်သန်းသွားတဲ့ဧရိယာမှာ ခိုင်ခန့်တဲ့ တာပေါင်များ ဖို့ပြီးတော့ ကာကွယ်ပေးနိုင်ခြင်းရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မြို့လူထု၊ နယ်လူထုကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်ရဲ့မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရကိုယ်စား ကျွန်တော်မှဖြေကြားသွားမှာဖြစ်ပါတယ်။ ယင်းမာပင်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ ဘုန်းချောင်းဟာ မိုးရာသီကာလမှာ နှစ်စဉ်ရေကြီးရေလျှံမှုကြောင့် ယင်းမာပင်မြို့ ဘုန်းချောင်းကမ်းဘေးရှိတဲ့ (ခ) ရပ်ကွက်နှင့် (ခ) တိုးချဲ့ ရပ်ကွက်မှာရှိတဲ့ အိမ်ခြေ ၄၀၆ အိမ် အနက် အိမ်ခြေ ၁၀၀ ခန့်မှာ ရေနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ အဆိုပါ ဘုန်းချောင်းဟာ ယင်းမာပင်မြို့မှာ နေရာ ၄ နေရာခန့် ရေကျော်လေ့ရှိပြီးတော့ (ခ) တိုးချဲ့ ရပ်ကွက်အတွင်း ယခင်ချောင်းအဟောင်းနှင့် ဆုံတဲ့နေရာမှာ ရေအများဆုံးကျော်လေ့ရှိပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် အဆိုပါချောင်းအဟောင်းနှင့်ဆုံတဲ့နေရာကို ကျောက်ရိုးစီမြေကာနံရံ ၈၅ ပေ x ၅ ပေ x ၆ ပေ ဆောင်ရွက်ရန်နှင့် ကျန်ရေကျော်တဲ့နေရာ သုံးနေရာအား အရှည် ၁၇၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၇ ပေ မြေတာပေါင်ဖို့ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ခန့်မှန်း ကုန်ကျငွေကျပ် ၁၈.၁၃၅ သန်း ကုန်ကျမည်ဖြစ်ပါကြောင်းနှင့် ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ရန်ပုံငွေနဲ့ ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက်ကြောင့် နိုင်ငံတော်ထောက်ပံ့ငွေ တောင်းခံပြီးတော့ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**သနပ်ပင်မြို့နယ်တွင် တူးဖော်ပေးခဲ့သော တူးမြောင်းကြီးများတွင် ရေထိန်း အဆောက်အဦများ၊ ရေတံခါးများနှင့် ရေငန်တားတမံများ အမြန်တည်ဆောက်ပေးရန်နှင့် ရေစီးရေလာပိတ်ဆို့၍ ငါးဖမ်းသည့်လုပ်ငန်းများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူတားမြစ်ပေးပါရန် နှင့်စပ်လျဉ်းသည့်မေးခွန်း။**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှဦးမြင့်ဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးမြင့်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သနပ်ပင်မြို့နယ်ဟာ မြစ်ချောင်းများတိမ်ကောပျက်စီးမှုကြောင့် ရေကြီးရေလျှံနစ်မြုပ်မှု အကြီးအကျယ် ခံနေရတဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ၊ ပဉ္စမနှင့် ဆဋ္ဌမ ပုံမှန်အစည်းအဝေးများမှာ မိမိတင်ပြခဲ့တဲ့ ချောင်း၊ မြောင်း၊ တာတမံများ ပြန်လည်တူးဖော်ပေးတဲ့ အတွက် ဆက်လက်ပြီးတော့လည်းတူးဖော် ပေးနေတဲ့အတွက် ဒေသခံပြည်သူများမှလည်း အထူးပင် ဝမ်းမြောက် ကျေးဇူးတင်လျက်ရှိနေကြပါတယ်။ ယင်းချောင်းများက ရေကို လိုအပ်သလို အသွင်း အထုတ်ပြုလုပ်နိုင်ရေးနဲ့ ပင်လယ်ဆားငန်ရေများ မဝင်ရောက်နိုင်ရေးအတွက် ရေအနိမ့်အမြင့်မညီတဲ့ နေရာတွေမှာ ရေထိန်းအဆောက်အဦများ တည်ဆောက်ပေးရန်လည်းလိုအပ်လျက်ရှိနေပါတယ်။ စိုက်ပျိုးရာသီတွေမှာ ရေထိန်းနိုင်ရေးအတွက် လယ်သမားများစုပေါင်းမှုဖြင့် မြေသားတမံပိတ် ကျသော်လည်း ဆင်းရဲချို့တဲ့တဲ့ တောင်သူလယ်သမားကို မနိုင်ဝန်ဖြစ်စေပြီးတော့ ချောင်း မြောင်းကိုလည်း တိမ်ကောပျက်စီးစေပါတယ်။ ထို့အတူပဲ စစ်တောင်းမြစ်ကိုစီးဆင်းတဲ့ ချောင်း၊ တူးမြောင်းများအဝတွေမှာ ရေတံခါးများအမြန် တည်ဆောက်ပေးရန်လည်းလိုအပ် လျက်ရှိ နေပါတယ်။ ဒါမှသာနွေစပါးစိုက်ပျိုးရေးအတွက် ရေချိုကိုလိုအပ်သလို ထိန်းထားနိုင်မှာ ဖြစ်ပြီးတော့ ပင်လယ် ဆားငန်ရေဝင်ရောက်ခြင်းကိုလည်း ကာကွယ်တားဆီးနိုင်မှာဖြစ်ပါတယ်။ အလားတူပဲ စစ်တောင်းမြစ် ရေလျှံပြီးတော့ နယ်မြေများထဲကိုဆားငန်ရေများ ဝင်ရောက်ခြင်း ကိုကာကွယ်နိုင်ရန်အတွက် ရေငန်တားတာတမံများတည်ဆောက်ပေးရန် စတုတ္ထပုံမှန် အစည်းအဝေးမှာတင်ပြထားမှုအပေါ် အမြန်ဆုံးအကောင်အထည် ဖော်ပေးရန်လည်း အလေးအနက် ထပ်မံတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ တူးဖော်ပေးခဲ့တဲ့ တူးမြောင်းကြီးများရဲ့ အလျားဟာ ၁၅ မိုင်မှ မိုင် ၂၀ ခန့်ထိရှည်လျားပါတယ်။ ကျေးရွာချင်းဆက်လမ်းများ၊ ကုန်ထုတ် ဆက်သွယ်ရေးလမ်းများစွာ ဖြတ်ဖောက်သွားရတဲ့အတွက် ကျေးလက်နေပြည်သူများရဲ့ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခက်ခဲစေခဲ့ပါတယ်။ ဒါ့ကြောင့် လိုအပ်တဲ့နေရာတွေမှာ မြောင်းကူးတံတားများကို နွားလှည်းများ၊ ထော်လာဂျီများ၊ လယ်ထွန်စက်များပါ သွားလာနိုင်တဲ့အဆင့်ထိ အမြန်တည်ဆောက်ပေးရန်လည်းတင်ပြအပ်ပါတယ်။ ဖော်ပြပါ ချောင်း၊ တူးမြောင်းကြီးများကို တူးဖော်ပေးခဲ့ခြင်းဟာ တောင်သူလယ်သမားများနှင့် တိုင်းပြည်အကျိုးစီးပွား

ဖြစ်ထွန်းစေပြီး ပြည်သူ့ဘဏ္ဍာငွေများ သိန်းထောင်ပေါင်းများစွာ ကုန်ကျစေခဲ့ပါတယ်။ ထို့ကြောင့် ထိရောက်စွာအကျိုးပြုနိုင်ရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် ချောင်း၊ မြောင်းများပိတ်ပြီးတော့ ယင်းတားခြင်း၊ တမံပိတ်ခြင်း၊ မြင်းဝန်းတိုက်ငါးဖမ်းခြင်းစတဲ့ချောင်းမြောင်းများ ပျက်စီးတိမ်ကော စေမယ့်လုပ်ရပ်များကို ဥပဒေနှင့်အညီ ထိရောက်စွာ တားမြစ်ပေးရန်လည်း အလွန်အရေးကြီးပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့ အင်းကရတဲ့ အခွန်ထက် လယ်သမားများထိခိုက်ဆုံးရှုံးမှုများ ချောင်းများ တိမ် ကောလို့ပြုပြင်ရတဲ့ ကုန်ကျစရိတ်ကို ချိန်တွက်စဉ်းစားသင့်ပါတယ်။ မြင်းဝန်းတိုက်ငါးဖမ်းခြင်း ပြုတဲ့အခါမှာ အထက်နဲ့အောက်ရေအနိမ့်အမြင့်ဟာ ၁ ပေခွဲမှ ၂ ပေအထိ ကွာတတ်ပါတယ်။ ၂ နေရာ လောက်ကပိတ်ဆို့ခြင်းပြုတဲ့အခါမှာ ရေအနိမ့်အမြင့်ဟာ ၃ ပေကနေ ၄ ပေခန့်ထိ ကွာခြားနေ တတ်ပါတယ်။ အဲဒီ့အခါမှာ မြင်းဝန်းရဲ့အထက်မှာ ရှိတဲ့လယ်မြေများ ရေကြီးနစ်မြုပ်ခြင်းဒဏ်ကို အလူးအလဲခံစားရကြပါတယ်။ သက်ဆိုင်ရာအာဏာပိုင်အဆင့်ဆင့်ကိုတိုင် ကြားသော်လည်း လယ်သမားဘက်ကအမြဲရှုံးပါတယ်။ လယ်သမားများရေမလိုချိန်မှာ အင်းသမားများက ပိတ်ဆို့ထား တက်ပြီးတော့ လယ်သမားတွေ ရေလိုအပ်ချိန်မှာ အင်းသမားများက ရေပတ်ပြီးတော့ ငါးဖမ်းတတ် ကြပါတယ်။ ဒါ့ကြောင့် လယ်သမားများနှင့် ငါးသမားများ ပဋိပက္ခဟာ နိုင်ငံအဝှမ်းမှာဖြစ်ပွားလျက်ရှိ နေပါတယ်။ ဥပမာ ၆-၅-၂၀၁၃ ရက်နေ့ ညောင်လေးပင်မြို့နယ်၊ မတ်တောက်ဒေသမှာ အင်းသူကြီးနဲ့ လယ်သမားများ အကြီးအကျယ် ပဋိပက္ခဖြစ်ပွားခဲ့ပါတယ်။ ၁၀-၆-၂၀၁၃ ရက်နေ့ ဒိုက်ဦးမြို့နယ် ပကိုင်ဒေသမှာ စစ်တောင်း မြစ်ထဲကိုဖောက်လုပ်ထားတဲ့ တံခါးပေါက်တူးမြောင်း၊ ဂျိုးဖြူဘုရားကျောင်း တူးမြောင်း၊ ပကိုင်ခမွန်တူးမြောင်းနှင့် ခမွန်မြစ်တွင်းတူးမြောင်းတွေမှာ အင်းများပိတ်ဆို့ငါးဖမ်း ခြင်းကြောင့် နှစ်စဉ်လယ်ဧကများစွာ ရေကြီးနစ်မြုပ်မှု ခံစားနေရကြောင်း တိုင်ကြားစာများနှင့် မီဒီယာရှင်းလင်းပွဲတွေ ပြုလုပ်မှာကိုလည်းသိရှိခဲ့ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်မေးမြန်းလို တာကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်တွင် တူးဖော်ပေးခဲ့သော တူးမြောင်းကြီးများတွင် ရေကိုလိုအပ်သလို အသွင်းအထုတ်ပြုလုပ်နိုင်ရေးနဲ့ ရေငန်တားတမံများပြုလုပ်နိုင်ရေးအတွက် ရေထိန်းအဆောက်အဦးများ၊ ရေတံခါးများနှင့် ရေငန်တားတမံများ အမြန်တည်ဆောက်ပေးရန် ယင်းချောင်းကြီးများရဲ့ လိုအပ်သောနေရာများတွင် မြောင်းကူးတံတား များတည်ဆောက်ပေးရန်နှင့် ချောင်း၊ မြောင်းများတွင် ရေစီးရေလာပိတ်ဆို့ ငါးဖမ်းသည့် လုပ်ငန်းများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူတားမြစ်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်းမေးမြန်း တင်ပြအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးရဲ့ မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအရ သနပ်ပင်-ဝေါ-ကဝမြို့နယ်များတွင် ရေနုတ်မြောင်းကြီးများ တူးဖော်ခြင်းကို ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်များမှာ တူးဖော်ပေးခဲ့ပါတယ်။ သနပ်ပင်မြို့နယ်အတွင်းမှာ မင်းရွာ-ကုက္ကို ရေနုတ်မြောင်း၊ မင်းရွာ-ပိုင်ကျုံ ရေနုတ်မြောင်း၊ မင်းရွာ-ဝင်းကဒက် ရေနုတ်မြောင်း၊ ကုလားချောင်းကြီး-ခလပ်စု ရေနုတ်မြောင်းနှင့် ဘလောက်ချောင်း တူးဖော်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့သဖြင့် မိုးတွင်းကာလ ရေကြီးနစ်မြုပ်မှုကို အထိုက်အလျောက် လျော့ပါးသက်သာစေခဲ့ပါတယ်။ တူးဖော်ပေးထားသော ရေနုတ်မြောင်းများမှာ ရေထိန်းတံခါးများ တည်ဆောက်ခြင်းမပြုနိုင်မီ နွေရာသီကာလ ရေငန်နှင့် နုန်းများ မဝင်ရောက်နိုင်ရန် နွေစပါး အောင်ရေထိန်းပေးနိုင်ရန်အတွက် ယာယီရေငန်တားတမံများကို မိုးအကုန် နိုဝင်ဘာလခန့်တွင် တည်ဆောက်ပေးပြီး မိုးတွင်းကာလမှာ ရေစီးရေလာကို အဟန့်အတား မဖြစ်စေရန် မေလ ၁၅ ရက်နေ့မတိုင်မီ ပြန်လည်ဖယ်ရှားခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာန အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ မင်းရွာ-ကုက္ကိုရေနုတ်မြောင်းမှာ စစ်တောင်းမြစ်အတွင်းသို့ ရေထုတ်နုတ်နိုင်ရန်အတွက် ကုက္ကိုရေထိန်းတံခါး၊ မင်းရွာ-ဝင်းကဒက်ရေနုတ်မြောင်းမှာ ဝင်းကဒက် ရေထိန်းတံခါးနှင့် ကုလားချောင်းကြီး-ခလပ်စုရေနုတ်မြောင်းမှာ ခလပ်စုရေထိန်းတံခါးတို့ကို တည်ဆောက်သွားရန်လျာထားပါတယ်။ အဆိုပါ ရေထိန်းတံခါးများ တည်ဆောက်နိုင်ရန်အတွက် လိုအပ်တဲ့ အင်ဂျင်နီယာဆိုင်ရာ စူးစမ်းလေ့လာမှုများကိုလည်း စတင်ဆောင်ရွက်လျက်ရှိပါတယ်။ စူးစမ်းလေ့လာမှုရလဒ်များအပေါ် အခြေခံပြီးတော့ ဒီဇိုင်းပုံစံများ ရေးဆွဲခြင်း၊ ခန့်မှန်းခြေစာရင်း ရေးဆွဲခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွဲဝေရရှိတဲ့ရန်ပုံငွေအပေါ် မူတည်ပြီးတော့လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင် သနပ်ပင်မြို့နယ်အတွင်း တူးဖော်ထားတဲ့ ရေနုတ်မြောင်း များမှာ ကျေးလက်နေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေရန်အတွက် လိုအပ်တဲ့နေရာများမှာ မြောင်းကူးတံတားများကို နွားလှည်းများ၊ ထော်လာဂျီများ၊ ထွန်စက်များပါသွားလာနိုင်တဲ့အဆင့်ထိ ရောက်အောင် တည်ဆောက်ပေးသွားရန် လိုအပ်မည်ဖြစ်ပြီး ထိုကဲ့သို့ တည်ဆောက်ပေးရာမှာ မြေပြင် အခြေအနေအပေါ်မူတည်ပြီးတော့ Pipe Culvert များ၊ အခိုင်အမာ ကွန်ကရစ်တံတားများ၊ သစ်သားတံတားများစသည်ဖြင့် ခွဲခြားပြီးတော့ တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ တူးဖော်ပြီးစ အချိန်မှာ ရေနုတ်မြောင်းပေါင်များကို ကြံ့ခိုင်မှုမရှိသေးတဲ့အတွက်ကြောင့် ရေနုတ်မြောင်းပေါင်များ ကြံ့ခိုင်မှု အထိုက်အလျောက်ရှိလာတဲ့အချိန်မှာ လိုအပ်သောနေရာများ၌ တူးမြောင်း ဖြတ်တံတားများ ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွဲဝေရရှိတဲ့ရန်ပုံငွေအပေါ်မူတည်ပြီးတော့ တည်ဆောက်ပေး သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ချောင်းမြောင်းများမှာ ရေစီးရေလာပိတ်ဆို့ပြီးတော့ ငါးဖမ်းတဲ့လုပ်ငန်းများကို ဥပဒေ နှင့်အညီ ထိရောက်စွာ အရေးယူတားမြစ်ပေးပါရန်ကိစ္စနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်ရဲ့ သယံဇာတဖြစ်တဲ့ ဂရန် အင်း/တင်ဒါချက်များရဲ့ လုပ်ငန်းများလုပ်ကိုင်ခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးကို မထိခိုက် စေရေးအတွက် ငါးဖမ်းကိရိယာ/ငါးဖမ်းနည်းများကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ခြင်း၊ သတ်မှတ် ထားတဲ့ ငါးဖမ်းကိရိယာ/ ငါးဖမ်းနည်းများကို လုပ်ကိုင်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရတဲ့အပြင် ရေစီးရေလာ အဟန့်အတားမဖြစ်စေရေးအတွက်ကို ၂၀၁၂ ခုနှစ် ပွင့်လင်းရာသီက ပြန်လည်ပြုပြင် တူးဖော်ခဲ့တဲ့ မင်းရွာ-ပိုင်ကျုံ ရေနုတ်မြောင်းအတွင်း နှစ်ပေါင်းများစွာကခွင့်ပြုခဲ့တဲ့ ကလိုင်- ကက္ကဒွတ် အင်းရဲ့ အကယ်ဆည်ကိုဖျက်သိမ်းခြင်း၊ မင်းရွာ-ကုက္ကိုရေနုတ်မြောင်းအတွင်းမှာ ဘော့ကုက္ကိုတင်ဒါ ချက်များအား လေလံတင်ရောင်းချမှုမပြုခြင်း၊ ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင် မြို့နယ်မှာ ရှိတဲ့ မုက္ခမူချိန်းချောင်းအတွင်းရှိ တင်ဒါချက် ၅ ချက်နှင့် အင်း ၈ အင်းတွင် ခွင့်ပြုလုပ်ကိုင်ခဲ့တဲ့ မြင်းဝန်းဆည်များ၊ ဓမင်းများကို ယင်းမကာတဲ့ ကျားပိုက်(ကျားလုံး)များသို့ ပြောင်းလဲခြင်းနှင့် အရေအတွက်များ လျှော့ချခြင်း၊ ဒိုက်ဦးမြို့နယ်အတွင်းမှာရှိတဲ့ ပြန်လည်တူးဖော်ခြင်း မြစ်ကျိုးတူး မြောင်း၊ မာလကတူးမြောင်း၊ ဂျိုးဖြူတူးမြောင်းအတွင်းရှိ အင်း ၇အင်းနှင့် တင်ဒါ ၆ချက်မှာ ခွင့်ပြု လုပ်ကိုင်ခဲ့သည့် မြင်းဝန်းဆည်များ၊ ဓမင်းများ၊ ယင်းတားအကယ်ချက်များအား ကျားပိုက်ဖြင့်သာ လုပ်ကိုင်စေခြင်း၊ ဆည်ချက်အရေအတွက် လျှော့ချခြင်းများကို ယခုနှစ် ၂၀၁၃-၂၀၁၄ လုပ်ငန်းရာသီ မှာ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

မင်းရွာ-ဝင်းကဒက်ချောင်းအတွင်း တင်ဒါချက် ၁၃ ချက်ရှိပြီးတော့ အဆိုပါ တင်ဒါချက်များတွင် ပိုက်သက်သက်ဖြင့်သာ ငါးဖမ်းလုပ်ကိုင်စေခဲ့၍ ဘလောက်ချောင်းတွင် တင်ဒါ ချက် ၄ ချက်ရှိပြီးတော့ သတ်မှတ်ထားတဲ့ ငါးဖမ်းကိရိယာ/ငါးဖမ်းနည်းဖြင့်သာ လုပ်ကိုင်စေ၍ကြီးကြပ် ဆောင်ရွက်လျက်ရှိပါတယ်။ အင်းများ လေလံတင်ရောင်းချရာမှာလည်း စိုက်ပျိုးရေးလုပ်ငန်းနှင့် ပြဿနာမဖြစ်စေရေးအတွက် နှစ်စဉ်ထုတ်ပြန်တဲ့ အင်းလေလံကြော်ငြာမှာ ဂရန်အင်းလုပ်ကိုင်ခွင့်ရရှိသူသည် အင်းချောင်းအတွင်းမှ ရေကိုစိုက်ပျိုးရေးအတွက် လိုအပ်ပါက ညှိနှိုင်းသုံးစွဲခွင့်ပြုပေးရမည်ဟု ထည့်သွင်းကြေညာရောင်းချပြီးတော့ စိုက်ပျိုးရေရယူ သုံးစွဲရေးအတွက်ကို ပြဿနာတစ်စုံတစ်ရာရှိပါက အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပြီး အင်းချောင်းများ တိမ်ကောပျက်စီးမှုမရှိစေရေးအတွက်ကို ရေချိုငါးလုပ်ငန်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၉၊ အပိုဒ် ၅၆(ည)အရ အင်းများမှာအသုံးပြုပြီး ငါးဖမ်းကိရိယာများအား လုပ်ငန်းပြီးဆုံးချိန်မှာ ပြန်လည်ဖျက်သိမ်းကြစေရေးအတွက်ကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**(၈)ရပ်ကွက်၊ ၂၄ လမ်း၊ အထက်လမ်းကို ယခုဘဏ္ဍာရေးနှစ် ၂၀၁၃-၂၀၁၄ တွင် ပြီးစီးအောင်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ မင်္ဂလာပါလို့ နှုတ်ဆက်အပ်ပါတယ်။ ကျန်းမာ၊ ချမ်းသာဘေးဘယာဝေးကွာစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လသာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၊ ၈ ရပ်ကွက်၊ ၂၄ လမ်း (အထက်လမ်း) သိမ်ကြီးဈေးရဲ့ကျောဘက်ကလမ်း၊ ဒီလမ်းမှာ ကုန်ပစ္စည်းအဝင်အထွက် လည်းများတယ်။ ဈေးဝယ်တွေအဝင်အထွက်လည်းများတဲ့အတွက်ကြောင့် လမ်းကသက်တမ်းတိုပြီးတော့ စောစောစီးစီး အခြားသူနှင့်တကွ ခင်းကျင်းပြီးစီးခဲ့တဲ့လမ်းတွေထက် ဆောလျင်စွာပဲ ပျက်စီးနေ တာကို မနှစ်ကတည်းကတွေ့ရပါတယ်။ ကျွန်တော်ရဲ့မဲဆန္ဒရှင်တွေကလည်း ကျွန်တော့်ကို ဒီကိစ္စလေးကိုတင်ပြပေးဖို့ မနှစ်ကတည်းက ပြောတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်က ပြည်သူဗဟိုပြုဒီမိုကရေစီလှုပ်ရှားမှုအနေနဲ့ ပြည်သူတွေကပဲ သက်ဆိုင်ရာ ကိုတင်ပြဖို့ ကျွန်တော်မှာကြားပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒရှင်ပြည်သူတွေက ယမန်နှစ် ဘဏ္ဍာရေးနှစ်မှာပဲ

ဒီလမ်းကိုပြုပြင်ပေးဖို့ စည်ပင်သာယာအဖွဲ့အစည်းကိုတင်ပြခဲ့ပါတယ်။ သို့သော်လည်းပဲ ယခု ဘဏ္ဍာရေးနှစ်ရောက်ရှိပြီးတော့ ပြီးခဲ့တဲ့ကျွန်တော် လွှတ်တော်ကို ထွက်မလာခင် ၃ ရက်လောက်ပဲ ကျွန်တော်ရောက်ခဲ့ပါတယ်။ အဲ့ဒီမှာ ဆက်ပြီးတော့လမ်းက ပျက်စီးနေတာကို မြင်တွေ့နေရပါတယ်။ ဒီလမ်းကသိမ်ကြီးဈေးရဲ့ ပစ္စည်းအဝင်အထွက်ပြု ရာနောက်ကျောဘက်လမ်း၊ အဓိကအသုံးပြုတဲ့လမ်း ဖြစ်ပါတယ်။ မြို့နယ်နေပြည်သူတွေအနေနဲ့လည်းပဲ ဒီလမ်းကအဝင်အထွက် အသွားအလာများတဲ့လမ်း ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို ကျွန်တော်များ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၈ ရပ်ကွက်၊ ၂၄ လမ်း အထက်လမ်းကို ယခုဘဏ္ဍာရေးနှစ် ဒီအချိန်ကစတွက်ရင်တော့ ၉ လလောက်အချိန်ရှိပါသေးတယ်။ ဘတ်ဂျက် ချထားခြင်းရှိ/မရှိကတော့ တစ်ပိုင်းပေါ့ဗျာနော်။ အဲ့ဒီတော့ ဘတ်ဂျက်နှစ် ၂၀၁၃-၂၀၁၄ အတွင်းမှာ ပြီးစီးအောင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတာ ကျွန်တော်တို့ရဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းလိုပါတယ်ခင်ဗျား။ ကျေးဇူးပါပဲ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၈ ရပ်ကွက်၊ ၂၄ လမ်း(အထက်လမ်း)အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်သဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဆက်လက်ဆောင်ရွက်ပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ဆက်လက်ပြီးပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ (က) အရ

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို တင်ပြရန်ဖြစ်ပါတယ်။ အစီရင်ခံစာတင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းစိန်(အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးသို့ တင်သွင်းသည့်အစီရင်ခံစာ

နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ (က)၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်း ဥပဒေ ပုဒ်မ ၉၆၊ ၉၈ ၊ ၁၀၀ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကော်မတီ၏ လုပ်ပိုင်ခွင့်များအဖြစ် လွှတ်တော်တွင် ပြည်ထောင်စု အစိုးရအဖွဲ့အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက အခါအားလျော်စွာ ပေးခဲ့သည့် အာမခံချက်များ၊ ကတိ များနှင့် တာဝန်ခံချက်များကို ဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းနိုင်ရန် စိစစ် ခြင်း၊ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ခြင်း ရှိ/မရှိ လိုအပ်သော နေရာဒေသများသို့ သွားရောက် စစ်ဆေးခြင်း၊ လွှတ်တော်သို့ အစီရင်ခံစာတင်ပြခြင်း နှင့် ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းများကို ဖော်ပြ ထားပါတယ်။

၂။ သို့ပါ၍ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် တင်သွင်းခဲ့သည့်အဆိုများ၊ ကြယ်ပွင့်မပြမေးမြန်းထားသည့် မေးခွန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ နောက်ဆုံးဆောင်ရွက်ထားမှုအခြေအနေကို ဤပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာပြုစုတင်ပြခြင်းဖြစ်ပါသည်။

ရည်ရွယ်ချက်

၃။ ၉-၁-၂၀၁၃ ရက်နေ့မှ ၂၂-၃-၂၀၁၃ ရက်နေ့အထိ ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး လွှတ်တော်တွင်း ကြယ်ပွင့်ပြမေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့်

အဆိုများ၊ ပထမပုံမှန်မှ ပဥ္စမပုံမှန်အစည်းအဝေးများအတွင်း ကြယ်ပွင့်ပြမေးမြန်းခဲ့သည့် မေးခွန်းများနှင့်အဆိုများအနက် မပြီးပြတ်သေးသည့် လုပ်ငန်းများ တတိယပုံမှန်မှ စတုတ္ထပုံမှန်၊ ပဥ္စမပုံမှန် အစည်းအဝေးများတွင် ကြယ်ပွင့်မပြမေးမြန်းခဲ့သည့် မေးခွန်းများနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြ စာဖြင့်မေးမြန်းခဲ့သည့် မေးခွန်းများအပေါ် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဆောင်ရွက်ချက်များကို ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ တင်ပြရန်ဖြစ်ပါသည်။

ကော်မတီ၏လုပ်ဆောင်ချက်

၄။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ၂-၅-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများကို ဖိတ်ကြား၍ အစည်းအဝေးတစ်ရပ်ပြုလုပ်ပြီး ဌာနအလိုက် ကတိပြုခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်နောက်ဆုံးအခြေအနေကို ညှိနှိုင်းတောင်းခံခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများအနေနဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများ၏ ဖြေကြားချက်များကို အောက်ပါအတိုင်း အပိုင်း ၄ ပိုင်း ပြုစုတင်ပြထားပါတယ်။ အပိုင်း(၁) ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် လွှတ်တော်တွင်းမေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၁၉၆ ခုအနက် ၈၈ ခု ကတိဖြစ်ခဲ့ပြီး၊ တင်သွင်းခဲ့သောအဆို ၁၄ ခုအနက် ၅ ခုအတည်ပြုခဲ့ပြီး မှတ်တမ်းတင် စောင့်ကြည့်အဆို ၄ ခု ဖြစ်ပေါ်ခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်၊ ဖြေကြားချက်အသေးစိတ်ကို နောက်ဆက်တွဲ(က)ဖြင့် တင်ပြထားပါတယ်။ အပိုင်း(၂) ပထမပုံမှန်၊ ဒုတိယပုံမှန်၊ တတိယပုံမှန်၊ စတုတ္ထပုံမှန်၊ ပဥ္စမပုံမှန် အစည်းအဝေးများတွင် ကတိဖြစ်ခဲ့သော မေးခွန်းပေါင်း ၃၅၂ ခုအနက်မှ မပြီးပြတ်သေးသောလုပ်ငန်း ၁၄၄ ခုနှင့် အဆို ၆၆ ခု အနက်မှ မပြီးပြတ်သေးတဲ့ အဆို ၂၅ ခုနှင့်ပတ်သက်၍ အသေးစိတ် နောက်ဆုံးဖြေကြားချက်များကို နောက်ဆက်တွဲ (ခ) ဖြင့်တင်ပြထားပါတယ်။ အပိုင်း(၃) ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်၊ စတုတ္ထပုံမှန်၊ ပဥ္စမပုံမှန်အစည်းအဝေးများမှာ ကြယ်ပွင့်မပြမေးခွန်းများအနက် ကတိဖြစ်ခဲ့သော မေးခွန်းပေါင်း ၅၇၀ ခုရှိခဲ့ပြီး ၎င်းတို့အနက် ၄၇၀ ခုမှာ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိပါတယ်။ အဲဒီအသေးစိတ်များကို နောက်ဆက်တွဲ(ဂ) ဖြင့်ပြုစုတင်ပြထားပါတယ်။ အပိုင်း(၄) ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြမေးခွန်းပေါင်း ၅၈၅ ခုအနက် ကတိ

ဖြစ်ခဲ့သော မေးခွန်းပေါင်း ၃၁၄ ခုနှင့်ပတ်သက်၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ဖြေကြားချက်များကို နောက်ဆက်တွဲ(ဃ) ဖြင့်တင်ပြထားပါတယ်။

၅။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများ၊ ပထမပုံမှန်မှ ပဉ္စမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးမြန်းခဲ့သည့် မေးခွန်းနှင့်အဆိုများ မပြီးပြတ်သေးသောလုပ်ငန်းများ၊ တတိယပုံမှန်မှ ပဉ္စမပုံမှန် အထိ ကြယ်ပွင့်မပြမေးမြန်းခဲ့သည့် မေးခွန်းများနှင့်ပတ်သက်၍ မပြီးပြတ်သေးသော လုပ်ငန်းများ၊ ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြမေးမြန်းခဲ့သော မေးခွန်းများနှင့်ပတ်သက်၍ အသေးစိတ် ကိုနောက်ဆက်တွဲဇယားဖြင့် တင်ပြထားပါတယ်။ ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ လွှတ်တော်တွင်း မေးမြန်းခဲ့တဲ့မေးခွန်းပေါင်းကတော့ ၁၉၆ ခုရှိပြီးတော့ ၈၈ ခုကတိဖြစ်ခဲ့ပါတယ်။ အဆိုကတော့ ၁၄ ခု ရှိပြီးတော့ ၅ ခုအတည်ဖြစ်ခဲ့ပြီး ၄ ခုက စောင့်ကြည့်ရန်ဖြစ်ပါတယ်။ လုပ်ငန်းလက်ကျန်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်းက ပထမပုံမှန်ကနေပြီးတော့ ပဉ္စမပုံမှန်အထိ ၉၅၂ ခုရှိတဲ့အနက်မှ ၁၄၄ ခု မပြီး ပြတ်သေးတဲ့ လုပ်ငန်းလက်ကျန်ရှိပါတယ်။ နောက်အဆိုကတော့ ၆၆ ခုအနက် ၂၅ ခုရှိပါတယ်။ ကြယ်ပွင့်မပြမေးခွန်းပေါင်းက ၅၇၀ က ၄၇၀ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါတယ်။

၆။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆၊ ၉၈၊ ၁၀၀ တို့အရ လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက အခါအားလျော်စွာ ပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ထိရောက်မှန်ကန် စွာ ဆောင်ရွက်ထားခြင်း ရှိ/မရှိ စိစစ်နိုင်ရန် လိုအပ်သောနေရာဒေသသို့ သွားရောက်စစ်ဆေးနိုင်သည် ဟု ပြဋ္ဌာန်းပါရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကော်မတီအနေနဲ့ လာမယ့်လွှတ်တော်ပြီးလို့ရှိ ရင်တော့ ကတိပေးထားတဲ့ လုပ်ငန်းထဲကနေပြီးတော့ အချို့လုပ်ငန်းတွေကို ကွင်းဆင်းပြီးတော့ စစ်ဆေးသွားမှာဖြစ်ပါတယ်။

၇။ ပထမပုံမှန်မှ ဆဋ္ဌမပုံမှန်အထိ ကြယ်ပွင့်ပြနှင့်ကြယ်ပွင့်မပြနှစ်မျိုးလုံး မေးခွန်းများ၊ အတည်ပြု အဆိုများနှင့်ပတ်သက်၍ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီသည် စာအုပ် ၃ အုပ်ပြုစုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်အသီးသီးကို ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ကော်မတီ၏သုံးသပ်ချက်

၈။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ အသစ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ အဆိုပါ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မတီအနေဖြင့် ဆောင်ရွက်ပြီး အစီရင်ခံစာ ပြုစုတင်ပြထားခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများသည် လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများအနက် ကတိပြုချက်များ၊ တင်သွင်းခဲ့သည့် အဆိုများ အတည်ပြုချက်များနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေထိ ဆောင်ရွက်ပြီးစီးမှုကို ပြည်ထောင်စုဝန်ကြီးများကိုယ်တိုင် လက်မှတ်ရေးထိုးပြီး အစိုးရအဖွဲ့မှတစ်ဆင့် ပြည်သူ့လွှတ်တော်မှတစ်ဆင့် ကျွန်တော်တို့ ကော်မတီကို ပေးပို့လာပါတယ်။ ကော်မတီကလည်း အဲဒီအသေးစိတ် ဆောင်ရွက်ချက်များကို အခု အပိုင်း ၄ ပိုင်း နှင့်ခွဲပြီးတော့ စာအုပ် ၃ အုပ်ပြုစုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးများကိုယ်တိုင် တာဝန်ယူ တာဝန်ခံပြီး စိစစ်ဖြေကြားပြီးတော့ ပေးပို့ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစည်းအဝေးများမှာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

နိဂုံး

၉။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေအရ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ အာမခံချက်များ၊ တာဝန်ခံချက်များ၊ ကတိပြုချက်များအပေါ် နောက်ဆုံးအခြေအနေ ဆောင်ရွက်နေမှုအား ပြည်သူနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား သိသာထင်ရှား၊ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတိုင်းတွင် လွှတ်တော်သို့ အစီရင်ခံလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူး ချုပ်ထံ အမည်စာရင်းပေးပို့ဖို့ဖြစ်ပါတယ်။

## ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနအား တင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီး ဌာနမှ ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံလေယာဉ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေး ဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုက်နာကျင့်သုံးလျက်ရှိတဲ့ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ၁၉၃၄ ခုနှစ်တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးတော့ ၁၉၄၇ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၄၈ ခုနှစ်တွင် ဒုတိယအကြိမ်အနေနဲ့ ၂၀၀၄ ခုနှစ်မှာ တတိယအကြိမ် ပြင်ဆင်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်း အဖွဲ့ချုပ်ရဲ့ Universal Safety Oversight Audit Program(USOAP)အစီအစဉ်အရ Audit အဖွဲ့က ၂၀၁၀ ခုနှစ်မှာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ လာရောက်စစ်ဆေးစဉ် မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေနှင့် ပတ်သက်၍ အားနည်းချက်ရှိနေသော အပိုင်းများအား ထပ်မံပြင်ဆင်ဖြည့်စွက်ရန်လိုအပ်ကြောင်း အကြံပြုချက်အရ

လည်းကောင်း၊ ခေတ်နဲ့လိုက်လျောညီထွေမှုဖြစ်စေရန် အတွက်လည်းကောင်း မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်း အပ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ စဉ်းစားဆွေးနွေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

## မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)။** ။မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူ့ လွှတ်တော် တွင် စတင်ဆွေးနွေးရန် စာဖြင့်ပေးပို့လာပါတယ်။

၂။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြင်ဆင်ရေးဆွဲရခြင်းရဲ့ အဓိက ရည်ရွယ်ချက်များမှာ -

(က) မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ၁၉၃၄ တွင် ခေတ်နှင့်လိုက်လျောညီထွေ မဖြစ်တဲ့ ပြဋ္ဌာန်းချက်များကို ခေတ်နှင့်အညီဖြစ်စေရန်၊

(ခ) မြန်မာနိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်၊

(ဃ) International Civil Aviation Organization အဖွဲ့ချုပ်မှ ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်ရန်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၃။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းတွင် ပုဒ်မ ၁၃ ခုပါရှိပါတယ်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၀.၆.၂၀၁၃ ရက်နေ့တွင် ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဝင်များ၊ ရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကျင်းပသည့် အစည်းအဝေးအမှတ်စဉ်(၃/၇)၌ ဤဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့် မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ ညီညွတ်မှုရှိပါသဖြင့် ဤ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား သဘောတူသင့်ပါကြောင်း ဆုံးဖြတ်ခဲ့ကြပါတယ်။

၅။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီ။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ အရ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါ့မယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၇ တို့နဲ့အညီ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲအကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၄-၇-၂၀၁၃ ရက်

နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

## ပို့ဆောင်ရေးဝန်ကြီးဌာနက ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပို့ဆောင်ရေးဝန်ကြီးဌာနက ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနအား တင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အာဆီယံ ဘက်စုံပို့ဆောင်ရေးသဘောတူစာချုပ်ကို ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးတော့ အာဆီယံဒေသအတွင်း ဘက်စုံပို့ဆောင်ရေးစနစ် ကျင့်သုံးအကောင်အထည်ဖော်ရန် သဘောတူခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်တွင်ကျင်းပခဲ့သော အာဆီယံထိပ်သီးညီလာခံမှ စတင်၍ နိုင်ငံတော် အကြီးအကဲများသည် ဘက်စုံပို့ဆောင်ရေးစနစ်ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် စီမံကိန်းမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရန် ဘန်ကောက်ကြေညာစာတမ်းမှာ ထည့်သွင်းဖော်ပြခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပခဲ့တဲ့ (၁၉) ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နဲ့ ၁၉ ရက်နေ့များမှာ ကမ္ဘောဒီယားနိုင်ငံ ဖနွမ်ပင်မြို့များမှာ ကျင်းပခဲ့တဲ့ (၂၁) ကြိမ်မြောက်အာဆီယံ ထိပ်သီးအစည်းအဝေးတို့ပါ အာဆီယံစီးပွားရေးအသိုက်အဝန်း(၂၀၁၅) တည်ဆောက်ခဲ့ရာမှာ တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအတွက် အာဆီယံအခန်းကဏ္ဍအား မြှင့်တင်သွားရန်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စီးပွားရေးဒေသဖြစ်ပေါ်ရေးအတွက် ထိရောက်မှုရှိပြီး ပေါင်းစည်းထားသည့်ပို့ဆောင်ရေးစနစ်များ၊ ပို့ဆောင်ရေးဆိုင်ရာ ကတိကဝတ်များနှင့် အာဆီယံပို့ဆောင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၁-၂၀၁၅)ကို အချိန်တိုးမြှင့်လုပ်ဆောင်သွားရန် ပို့ဆောင်ရေးဝန်ကြီးများအား တိုက်တွန်းခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပေါင်းစည်းဆောင်ရွက်ရန်အတွက် ၂၀၁၅ ခုနှစ်တွင်ဒေသတွင်းဘက်စုံပို့ဆောင်ရေးစနစ် ဖြစ်ထွန်းအောင်မြင်ရန်နှင့် အာဆီယံဘက်စုံ ပို့ဆောင်ရေး

သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံဘက်စုံပို့ဆောင်ရေးသဘောတူစာချုပ် အခန်း(၉)၊ (၁၀) ကုန်စည်များ ဘက်စုံပို့ဆောင်မှုအမျိုးသားအဆင့် ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များပြဋ္ဌာန်းခြင်း၊ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင် သူများမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်လျှောက်ထားရန် လိုအပ်ချက်များသတ်မှတ်ခြင်း၊ ဘေးကင်းလုံခြုံပြီး စိတ်ချရသော ပို့ဆောင်ရေးကိစ္စရပ်များအား နိုင်ငံအလိုက် အမျိုးသားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းဆောင်ရွက်ရန် ဖော်ပြပါရှိပါတယ်။ ယင်းဥပဒေတွင် ကုန်စည်တင်ပို့သူ Consigner ၊ Multi Modder Transport Operator ၊ ကုန်စည်လက်ခံသူ Consignee အာမခံသူနှင့် အာမခံကုမ္ပဏီများ Insurer စသည်များ အကျုံးဝင်မှာဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်မှ သဘောတူလက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကုန်စည်များ ဘက်စုံပို့ဆောင်ရေး Convention (Un Convention on Multi Modder Transport of Goods 1980)အာဆီယံ ဘက်စုံပို့ဆောင်ရေးသဘောတူစာချုပ်(ASEAN Framework Agreement on Multi Modder Transport 2005 )တို့အပြင် ပို့ဆောင်ရေးနည်းလမ်းတစ်ခုစီအတွက် ပြဋ္ဌာန်းထားသည့် Convention များတွင် ဖော်ပြထားချက်များနှင့်အညီ လိုက်လျောညီထွေမှုရှိသော ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်းအား ရေးဆွဲပြုစုခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပို့ဆောင်ရေးဝန်ကြီးဌာမှ လိုက်နာကျင့်သုံး မည့် ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ စဉ်းစားဆွေးနွေးပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့

ဥပဒေကြမ်းကော်မတီဝင် အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသည့် ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က)အရ ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရန် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့နှင့် ၂၁ ရက်နေ့များတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူး ကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံညှိနှိုင်းသည့်အစည်းအဝေးအမှတ်စဉ်(၃/၇)၌ ဤဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက် နှင့်အညီ လေ့လာစိစစ်ခဲ့ကြပါသည်။

၃။ မြန်မာနိုင်ငံသည် အာဆီယံဒေသဆိုင်ရာ ဘက်စုံပို့ဆောင်ရေးသဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။

၄။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် အဆိုပါစာချုပ်ပါအချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အဓိကကျသည့် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို နိုင်ငံတကာ၌ကျင့်သုံးလျက်ရှိသော စနစ်များအတိုင်း ဆောင်ရွက်နိုင်ရန်၊ ခေတ်မီသယ်ယူပို့ဆောင်ရေး နည်းလမ်းများဖြစ်သည့် ဘက်စုံပို့ဆောင်ရေးစနစ်ကို နိုင်ငံတကာနယ်ပယ်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်၊ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းစဉ်အတွင်း ပါဝင်သောပုဂ္ဂိုလ်အဖွဲ့အစည်းအသီးသီးတို့၏ တာဝန်ရှိမှု၊ ကန့်သတ်ချက်၊ အကျိုးအမြတ်ရရှိမှုနှင့် အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ညီညွတ်မျှတစေပြီး ၎င်းတို့ကို ထိန်းကျောင်းကွပ်ကဲနိုင်ရန်အတွက် ဤဥပဒေကြမ်းကို ရေးဆွဲတင်ပြရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ ဤဥပဒေကြမ်းတွင် အခန်း(၁၅)ခန်း နှင့် ပုဒ်မပေါင်း ၅၉ ခု ပါရှိရာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက်များမှာ -

(၁) ပုဒ်မ ၂ တွင် ပုဒ်မခွဲ (က)အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည် ဟု အသစ်ဖြည့်စွက်သဖြင့် မူလပုဒ်မ ၂ ပုဒ်မခွဲ (က)မှ (ထ)သည် ပုဒ်မခွဲ (က)မှ (ဒ) အထိ ဖြစ်သွားပါသည်။

(၂) မူလပုဒ်မ ၂ ပုဒ်မခွဲ(ဂ)အား တာဝန်ရှိသူအဖြစ် ဆောင်ရွက်သူဆိုသည့်စကားရပ်အား ဆောင်ရွက်ရန် တာဝန်ရှိသူကို ဆိုသည် ဟု ပြင်ဆင်ပါသည်။

(၃) မူလပုဒ်မ ၂ ပုဒ်မခွဲ (ဈ) အား အထူးငွေကြေး ထုတ်ယူပိုင်ခွင့်ယူနစ် ဆိုသည်မှာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ် ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ၎င်းဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ ငွေကြေးထုတ်ယူခြင်းအတွက် အထူးသတ်မှတ်ထားသည့် ငွေကြေးစနစ် တစ်ခုကို ဆိုသည် ဟု ပြင်ဆင်ပါသည်။

(၄) မူလပုဒ်မ ၂ ပုဒ်မခွဲ (ည)အား ကုန်စည်ဆိုရာတွင် ထုပ်ပိုးထားသည်ဖြစ်စေ၊ ထုပ်ပိုးထားခြင်း မရှိသည် ဖြစ်စေ သယ်ယူသည့် သို့မဟုတ် သယ်ယူရန် ရှိသည့် သက်ရှိ တိရစ္ဆာန်၊ ကုန်သေတ္တာ၊ သယ်ယူရန် ကုန်စည်တင် အခင်းပြား သို့မဟုတ် အလားတူ ကိရိယာဖြင့် သယ်ယူသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခု ပါဝင်သည် ဟု ပြင်ဆင်ပါသည်။

(၅) မူလပုဒ်မ ၂ ပုဒ်မခွဲ(ဋ)အား လက်မှတ်ရေးထိုးထားသည့်စာ ဆိုရာတွင် လက်မှတ်ရေးထိုးထားသည့်စာအပြင် ကြေးနန်း၊ တဲလက်စ်၊ ဖက်စ်ဖြင့် သော်လည်းကောင်း၊ စက်မှု သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် ပုံနှိပ်စာ၊ မှတ်တမ်း သို့မဟုတ် ပြန်လည် ဖော်ပြချက် သို့မဟုတ် ထုတ်လွှင့်သည့် သတင်း အချက်အလက်ဖြင့် သော်လည်းကောင်း၊ အဆိုပါကိစ္စ အလို့ငှာ ရည်ရွယ်၍ အခြားစာချုပ်စာတမ်းတစ်ခုခု သို့မဟုတ် ပစ္စည်း ကိရိယာဖြင့် သော်လည်းကောင်း ပြုလုပ်ခြင်းတို့ ပါဝင်သည် ဟု ပြင်ဆင်ပါသည်။

(၆) မူလပုဒ်မ ၂ ပုဒ်မခွဲ(ဎ)အား ပိုမိုရှင်းလင်းလွယ်ကူစေရန် ပဋိညာဉ် ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ကုန်စည် သယ်ယူပို့ဆောင်ခ ရယူ၍ အပြည်ပြည်ဆိုင်ရာ ဘက်စုံပို့ဆောင်ရေးနည်းလမ်းအတိုင်း ဆောင်ရွက်ပေးရန်

သို့မဟုတ် ထိုသို့ဆောင်ရွက်မှုကို အကောင်အထည်ဖော်ရန် တာဝန်ယူချုပ်ဆိုသည့် ပဋိညာဉ်ကို ဆိုသည် ဟု ပြင်ဆင်ပါသည်။

(၇) မူလပုဒ်မ ၂ ပုဒ်မခွဲ (ဏ)အား အမျိုးသား ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ကုန်စည်များဘက်စုံပို့ဆောင်ရေး အမျိုးသားအဆင့် ညှိနှိုင်းကွပ်ကဲမှုအဖွဲ့ ကို ဆိုသည် ဟု ပြင်ဆင်ပါသည်။

(၈) အခန်း (၃) ပုဒ်မ ၄ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) ရှိ စာချုပ်ဝင် အခြားနိုင်ငံ တစ်နိုင်ငံတွင် တည်ရှိသည့် ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်များစကားရပ်မှ ဘက်စုံပို့ဆောင်ရေး စကားရပ်အားဖြုတ်၍ စာချုပ်ဝင်အခြားနိုင်ငံတစ်နိုင်ငံတွင် တည်ရှိသည့် ပဋိညာဉ်များ ဟု ပြင်ဆင် ပါသည်။

(၉) အခန်း(၄) ပုဒ်မ ၇ ပုဒ်မခွဲ(ခ)တို့ရှိ ပြည်ထောင်စုအစိုးရ ဟူသော စကားရပ် အား ပြည်ထောင်စုအစိုးရအဖွဲ့ ဟု ပြင်ဆင်ပါသည်။

(၁၀) မူလပုဒ်မ ၈ ပုဒ်မခွဲ (က) ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝန်ကြီးဌာန ဟူသော စကားရပ်အား ရှေ့နောက်ညီညွတ်စေရန် ဝန်ကြီးဌာန ဟု ပြင်ဆင်ပါသည်။

(၁၁) အခန်း(၄)၊ ပုဒ်မ ၈ ပုဒ်မခွဲ (င) အား ဥပဒေရေးထုံးနှင့်ညီညွတ်စေရန် လုပ်ထုံးလုပ်နည်းများ ဟူသောစကားရပ်အား နေရာပြောင်းရွှေ့ပြင်ဆင်ပြီး စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးအပ်ခြင်း ဆိုသည့် စကားရပ်အား စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးရန် တာဝန်ပေးအပ်ခြင်း ဟု ထပ်မံပြင်ဆင်ဖြည့်စွက်ပါသည်။

(၁၂) မူလပုဒ်မ ၈ ပုဒ်မခွဲ (ဆ) ရှိ အရာထမ်းနှင့် အမှုထမ်းများ စကားရပ်အား နိုင်ငံ့ဝန်ထမ်းများ ဟု ပြင်ဆင်ပါသည်။

(၁၃) မူလပုဒ်မ ၈ ပုဒ်မခွဲ(ဇ)နှင့် (ဈ)၊ အခန်း (၁၁) ပုဒ်မ ၄၅ ပုဒ်မခွဲ (က)နှင့်(ခ)၊ အခန်း (၁၅) ပုဒ်မ ၅၅နှင့် ပုဒ်မ ၅၇ တို့ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဟူသော စကားရပ်အား ဝန်ကြီးဌာန ဟု ပြင်ဆင်ပါသည်။

(၁၄) အခန်း(၅) ပုဒ်မ ၉ ပုဒ်မခွဲ(က) ရှိ အဖွဲ့ဝင်ပြည်ပနိုင်ငံတစ်ခုခုတွင် စကားရပ် အား အဖွဲ့ဝင်ဖြစ်သည့် ပြည်ပနိုင်ငံတစ်ခုခုမှ ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၁၅) မူလပုဒ်မ ၉ ပုဒ်မခွဲ (ခ)အား အရေးအသားကျစ်လျစ်စေရန်အတွက် အမျိုးသား ညှိနှိုင်းကွပ်ကဲရေးအဖွဲ့သည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်များ အား သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည် ဟု ပြင်ဆင်ပါသည်။

(၁၆) မူလပုဒ်မ ၉ ပုဒ်မခွဲ(ဂ) ရှိ မှတ်ပုံတင်၍ စကားရပ်အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၁၇) အခန်း(၆)ခေါင်းစဉ်အားဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်ထုတ်ပေးခြင်း ဟုပြင်ဆင်ပါသည်။

(၁၈) မူလပုဒ်မ ၁၂ ကို အရေးအသားကျစ်လျစ်စေရန်အတွက် ပုဒ်မ ၁၁ အရ ထုတ်ပေးသော လက်မှတ်တွင် ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူကဖြစ်စေ၊ ၎င်း၏ အခွင့်အာဏာရ ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ လက်မှတ်ရေးထိုးရမည် ဟုပြင်ဆင် ပါသည်။

(၁၉) မူလပုဒ်မ ၁၃ ပုဒ်မခွဲ(က)ရှိ ကုန်စည်အပ်နှံသူကပေးသည့် ဖော်ပြချက်အတိုင်း ကုန်စည်၏သဘာဝစကားရပ်အား ကုန်စည်အပ်နှံသူက ပေးသောကုန်နှင့်စပ်ဆိုင်သည့် ဖော်ပြချက် ဟု ပြင်ဆင်ပါသည်။

(၂၀) မူလပုဒ်မ ၁၃ ပုဒ်မခွဲ(ဇ)အား ပိုမိုရှင်းလင်းတိကျစေရန်အတွက် နေ့ရက် သို့မဟုတ် ကာလ စကားရပ်အား နေရာ၊နေ့ရက် သို့မဟုတ် အချိန် ကာလ ဟု ပြင်ဆင်ပါသည်။

(၂၁) မူလပုဒ်မ ၁၃ ပုဒ်မခွဲ(ဋ)အား စာချုပ်ဝင်များက အတိအလင်း သဘောတူ ထားလျှင် ယင်းသို့သဘောတူထားသည့်အတိုင်း ပို့ဆောင်ရေးနည်းလမ်း တစ်ခုစီအတွက် ကုန်စည် သယ်ယူပို့ဆောင်ခ သို့မဟုတ် ကုန်စည်လက်ခံသူက ပေးရမည့် ငွေကြေး အမျိုးအစား အပါအဝင် ကုန်စည်သယ်ယူပို့ဆောင်ခ သို့မဟုတ် ၎င်းက ကုန်စည် သယ်ယူပို့ဆောင်ခ အတွက် ပေးရမည့် အခြား ဖော်ပြချက် ဟုပြင်ဆင် ပါသည်။

(၂၂) မူလပုဒ်မ ၁၃ ပုဒ်မခွဲ (ဃ) အား ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် စာချုပ်ဝင် တို့ သဘောတူညီထားသည့် တည်ဆဲဥပဒေများနှင့် ဆန့်ကျင်ခြင်း မရှိသော အခြား ဖော်ပြချက် ဟုပြင်ဆင်ပါသည်။

(၂၃) အခန်း(၇) ခေါင်းစဉ်အား ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ တာဝန် များ ဟုပြင်ဆင်ပါသည်။

(၂၄) မူလပုဒ်မ ၁၈ အား အရေးအသားကျစ်လျစ်စေရန်အတွက် ကုန်စည် လွှဲပြောင်း ပေးပို့ခြင်းကို သေချာစေရန်အလို့ငှာ အောက်ဖော်ပြပါလိုအပ်သော ပြုလုပ်မှုများကို ဆောင်ရွက်ရာတွင်ဘက်စုံ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ဟုပြင်ဆင် ပါသည်။

(၂၅) မူလပုဒ်မ ၂၀ အား ပိုမိုရှင်းလင်းစေရန်အတွက် အတိအလင်း သဘောတူညီခဲ့သည့် အချိန်အတွင်း ကုန်စည်ကိုလွှဲပြောင်းပေးပို့ခြင်းမပြုလျှင် သဘောတူညီချက် ကုန်ဆုံးသည့်နေ့၏ နောက်ရက်ကိုသော်လည်းကောင်း၊ထိုသို့သော သဘော တူညီချက်မျိုးမရှိသည့်ကိစ္စတွင် ဂရုပြုလုံ့လစိုက်သော ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူအနေဖြင့် ကိစ္စရပ်အခြေအနေပေါ်မူတည်၍ လျော်ကန် သင့်မြတ်သော အချိန်အတွင်း လွှဲပြောင်းပေးပို့ခြင်းမပြုလျှင် လျော်ကန်သင့်မြတ်သော အချိန်ကုန်ဆုံးသည့်နေ့နောက်ရက်ကို သော်လည်းကောင်း ကုန်စည်လွှဲပြောင်း ပေးပို့ရန် နှောင့်နှေးကြန့်ကြာမှု ပေါ်ပေါက်သည့်နေ့ဟု သတ်မှတ်သည်ဟု ပြင်ဆင် သတ်မှတ်ပါသည်။

(၂၆) မူလမူလပုဒ်မ ၂၂ ပုဒ်မခွဲ(င)အား ပိုမိုအဓိပ္ပာယ်ထိရောက်မှုစေရန်အတွက် သက်ဆိုင်သည့် အလုပ်သမားများ အစုအဝေးဖြင့်ဆန္ဒဖော်ထုတ်မှု၊ အလုပ်ပိတ်မှု၊ အလုပ်ရပ်နားထားမှု၊ အလုပ်ကိုလုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ဖြစ်စေမလုပ် စေရန် တားဆီးခံရမှုဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၂၇) မူလပုဒ်မ ၂၃ ပုဒ်မခွဲ (က) ရှိ ဝန်ထမ်း၏ စကားရပ်အားဝန်ထမ်းက ဟု ပြင်ဆင် ပါသည်။

(၂၈) မူလပုဒ်မ ၂၃ ပုဒ်မခွဲ(ခ)အား ပိုမိုတိကျမှုရှိစေရန် သယ်ယူပို့ဆောင်သူနှင့် မသက်ဆိုင်သည့် မီးလောင်မှု ဟုပြင်ဆင်ပါသည်။

(၂၉) မူလပုဒ်မ ၂၄ ရှိ စည်းကြပ်ရာ၌ စကားရပ်အစား သတ်မှတ်ရာ၌ ဟုလည်းကောင်း၊ ကာလ စကားရပ်ရှေ့တွင် အချိန် စကားရပ်ဖြည့်စွက်၍ အချိန်ကာလ ဟု ပြင်ဆင်ပါသည်။

(၃၀) မူလအခန်း (၈) ပုဒ်မ ၂၈၊ အခန်း(၉) ပုဒ်မ ၃၇၊ ပုဒ်မ ၃၈၊ ပုဒ်မ ၄၀ တို့တွင် ပုဒ်မ ဟူသော စကားရပ်များ ထပ်မံဖြည့်စွက်ပါသည်။

(၃၁) မူလပုဒ်မ ၃၀ ရှိ တန်ဆာခ ဟူသော စကားရပ်အား သယ်ယူ ပို့ဆောင်ခ ဟု ပြင်ဆင်ပါသည်။

(၃၂) မူလပုဒ်မ ၃၂ ရှိ ပေးလျော်ရန်တာဝန် ဆိုသည့် စကားရပ်အား ပိုမိုရှင်းလင်းစေရန်အတွက် ပေးရန်တာဝန်ရှိမှု ဟု ပြင်ဆင်ပါသည်။

(၃၃) အခန်း (၉) ပုဒ်မ ၃၄ အား ပိုမိုပြည့်စုံစေရန်အတွက် ကုန်စည်ပေါ်တွင် ဆိုသည့် စကားရပ်၏ နောက်တွင် ဘေးအန္တရာယ်ရှိကြောင်း ဖော်ပြသည့် စကားရပ်အား ပြင်ဆင်ဖြည့်စွက်ပါသည်။

(၃၄) မူလပုဒ်မ ၃၅ အား ဥပဒေ၏ ရှေ့နောက်အရေးအသားများ ညီညွတ်စေရန် ထိုသူ၏ကိုယ်စား ဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်ဟူသော စကားရပ် ကို ပြင်ဆင်ဖြည့်စွက်ပါသည်။

(၃၅) အခန်း (၁၁) ခေါင်းစဉ်အား စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း ဟု ပြင်ဆင်ပါသည်။

(၃၆) အခန်း (၁၂) ပုဒ်မ ၄၄ အား ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် ထိုအမိန့် ချမှတ်သည်ကို သိရှိသည့်နေ့မှ ဟူသော စကားရပ်အစားထိုအမိန့်ကို လက်ခံရရှိ သည့်နေ့မှ ဟု ပြင်ဆင်ပါသည်။

(၃၇) အခန်း (၁၄) ပုဒ်မ ၅၁ ရှိ ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ် သိန်းငါးဆယ် အထိ ဟူသောစကားရပ်အား နိုင်ငံတကာ ပြစ်မှုပြစ်ဒဏ်များနှင့် ညီညွတ်စေရန် ကျပ် ၂၅ သိန်းမှ အများဆုံး ကျပ် သိန်း ၁၅၀ အထိ ဟု ပြင်ဆင်ပါသည်။

(၃၈) မူလပုဒ်မ ၅၂ အား အခန်း (၁၅) အထွေထွေသို့ပြောင်း၍ ပုဒ်မ ၅၅ အဖြစ် ပြောင်းလဲထားပါသည်။

(၃၉) မူလပုဒ်မ ၅၉ ပုဒ်မခွဲ(ခ)အား ဝန်ကြီးဌာနနှင့် အမျိုးသားညှိနှိုင်းကွပ်ကဲရေးအဖွဲ့ တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ပါသည်။

(၄၀) အခန်း(၁၅) ပုဒ်မ ၅၉ ပုဒ်မခွဲ(ခ)၏ အောက်တွင် (ဂ)အဖြစ် ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည် ဟူ၍ အသစ်ထပ်မံ ဖြည့်စွက်ထားပါသည်။

၅။ သို့ဖြစ်ပါ၍ ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းကို ဆွေးနွေးမည့်လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ အရ ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါ့မယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၇ တို့နဲ့အညီ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၅-၇-၂၀၁၃ ရက် နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြပါတယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်

သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၂၀။**

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထွက်ခွာပါပြီ ခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ ၁၄း၂၀ နာရီ အချိန်တွင် ကျင်းပပြီးစီးပါသည်။]